ကြေးမုံ

The Mirror

၁၉၅၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ထုတ်ဝေသည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့ (9-4-2013) (၇၄၅၀)

❑ အတော်ဆုံး အကောင်းဆုံးလူငယ်များကို နိုင်ငံခြားတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် စီစဉ်သွားမည်။

❑ နိုင်ငံခြားမှ နာမည်ကြီးတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး ပညာသင်ကြားခွင့်ရရန် ကြိုးပမ်းဆောင်ရွက်နေ။

ဘက်စုံထူးချွန်မောင်မယ်များပီပီ ဘက်စုံတော်အောင်၊ ကောင်းအောင်၊ ထူးချွန်အောင် ကြိုးစားရမည်

နေပြည်တော် ဧပြီ ၈

"ကျောင်းသားဘဝကတည်းက ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားရမည်၊ လေ့လာမှတ်သားပြီး လက်တွေ့ကျင့်ကြံအားထုတ်ပြုလုပ်ရမည်၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများနှင့်အတူ ဒီမိုကရေစီ၏တန်ဖိုးကို သိရှိနားလည်ပြီး အများကိုမထိခိုက်စေသည့် လွတ်လပ်မှုကို ကျောင်းသားဘဝကပင်ရယူတတ်သည့် အလေ့အကျင့်ရအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း"ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC) ၌ ကျင်းပသည့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များနှင့် ကင်းထောက်လူငယ်များ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယနေ့ပြုလုပ်သည့် အခမ်းအနားသည် ဘက်စုံလူငယ်ထူးချွန်မောင်မယ်များနှင့် ကင်းထောက်လူငယ်များကို ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

လှည်းတန်းခုံးကျော်တံတား ဧပြီ ၁၀ ရက်တွင် ဖြတ်သန်းခွင့်ပြုမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေလျှော့ရန်အတွက် ခုံးကျော်တံတားများ တည်ဆောက်လျက်ရှိရာ ကမာရွတ်မြို့နယ်တွင် တည်ဆောက်နေသည့် လှည်းတန်းခုံးကျော်တံတားမှာ အချောသပ်လုပ်ငန်းမပြီးသေးသော်လည်း အများပြည်သူများ သွားလာမှုလွယ်ကူစေရန်နှင့် မဟာသင်္ကြန်ကာလအတွင်း မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ အဆင်ပြေချောမွေ့စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် တံတားဖွင့်ပွဲအခမ်းအနားမကျင်းပမီ ဧပြီ ၁၀ ရက်မှစတင်၍ မော်တော်ယာဉ်များအား ဖြတ်သန်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(စည်သူလွင်)

ပုသိမ်-ငပုတောလမ်းရှိ သက္ကယ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်-ငပုတောလမ်း ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပြီးစီးမှု၊ သက္ကယ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၊ ပုသိမ်ဘက်ကမ်း၌ ရေလယ်သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ငပုတောဘက်ကမ်း၌ ရေလယ်သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၊ ချဉ်းကပ်လမ်းနှင့် ချဉ်းကပ်တံတား ဆောင်ရွက်နေမှု၊ သံပေါင်တပ်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တံတားတည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)မှ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ သံပေါင်တပ်ဆင်ရာတွင် အန္တရာယ်ကင်းရှင်းရေး၊ တာဝန်ခံအင်ဂျင်နီယာများက မိမိတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများ တိုးတက်အောင် စနစ်တကျဆောင်ရွက်ရန်၊ ပုသိမ်-ငပုတောလမ်းသည် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ထားရှိပြီးဖြစ်၍ သက္ကယ်ချောင်းတံတား တည်ဆောက်ပြီးစီးသွားပါက ပုသိမ်မှ ငပုတောသို့ အချိန်တိုအတွင်း အလွယ်တကူသွားလာနိုင်မည်ဖြစ်သည့်အတွက် တံတားကြီးအမြန်ပြီးစီးရေး မြို့နယ်၊ ခရိုင် အထူးအဖွဲ့များက မိမိတို့ကျရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

သက္ကယ်ချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်

စာမျက်နှာ ၈ ကော်လံ ၅ သို့

ကြေးမုံစာတည်းရှုထောင့် ၉-၄-၂၀၁၃ (အင်္ဂါနေ့)

အာရှဖွံ့ဖြိုးတိုးတက်မှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့တွင် ဧပြီလ ၇ ရက်နေ့က ကျင်းပခဲ့သည့် ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံအားလုံး၏ အခြေခံကျသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာနှင့် နည်းလမ်းဆိုင်ရာတို့ကို ပြောကြားသွားခဲ့ပေသည်။

နိုင်ငံတော်သမ္မတကြီးက ကမ္ဘာ့နိုင်ငံအများစုမှာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေရကြောင်း၊ မိမိတို့ဒေသတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး တည်ငြိမ်မှုတို့အား ဆက်လက်ထိန်းသိမ်းရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှုတို့အား ချိန်ညှိခြင်း၊ စီးပွားရေး တိုးတက်မှုတို့အား ဆက်လက်ထိန်းသိမ်းစေခြင်းတို့ကို ဆက်စပ်ကာ ပူးပေါင်းဖြေရှင်းနိုင်ခြင်းအားဖြင့် မိမိတို့ဒေသတွင်း အောင်မြင်မှုများကို ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီးပြောကြားသည့် ကမ္ဘာ့စီးပွားရေး အခြေအနေနှင့် အာရှစီးပွားရေးတိုးတက်မှုအနေအထားများမှာ မှတ်သားစရာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အားလုံးတို့တွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်းလည်း ထည့်သွင်းပြောကြားထားသည်။

မြန်မာနိုင်ငံသည် အာရှတိုက်၏ အရှေ့ဘက်နှင့် အနောက်ဘက် ဆက်သွယ်မှုဆိုင်ရာ အချက်အချာနေရာတွင် တည်ရှိနေပြီး လက်ရှိတွင် ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နေပြီဖြစ်၍ အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် တွင်းထွက်သဘာဝသယံဇာတများ၊ လုပ်ကိုင်နိုင်စွမ်းရှိသည့် လူငယ်အရင်းအမြစ်များ၊ ကီလိုမီတာ ၂၈၀၀ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် တည်ဆောက်အကောင်အထည်ဖော်နေသည့် ရေနက်ဆိပ်ကမ်းများ၊ စိုက်ပျိုးမြေ၊ သစ်တောနှင့် သားငါးသယံဇာတများ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်၍ နိုင်ငံအတွက် ပိုမိုတောက်ပြောင်အားကောင်းလာမည့်အပြင် အနာဂတ်အာရှအတွက် တစ်မူထူးခြားသည့် နေရာမှန်တစ်ခုဟု ဆိုရမည်ဖြစ်သည်။

ဘိုအောဖိုရမ် အစည်းအဝေး၏ အဓိကခေါင်းစဉ်မှာလည်း ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေနေသော အာရှတိုက်ဟု သတ်မှတ်ထားရာ အာရှနိုင်ငံများသာမက မြန်မာနိုင်ငံအတွက်လည်း လျော်ကန်သင့်မြတ်မှုရှိပြီး အချိန်နှင့်တစ်ပြေးညီ လိုက်ဖက်ညီလှပေသည်။

အနာဂတ်မြန်မာနိုင်ငံအပေါ် စီးပွားရေးပညာရှင်များ၏ သုံးသပ်ချက်များအရ သဘာဝသယံဇာတ အရင်းအမြစ်ကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများမှ ပြည်ပတင်ပို့မှုဝင်ငွေနှင့် နိုင်ငံရင်းနှီးမြှုပ်နှံမှုတိုးတက် လာခြင်းတို့သည် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းစေသော အချက်များဖြစ်သည်ဟု ဆိုထားသည်။

ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးကိုလည်း ယမန်နှစ်က ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားသည်။

ကမ္ဘာတစ်ဝန်းတွင် စိန်ခေါ်မှုများ၊ မရေရာမသေချာမှုများနှင့် စွန့်စားရမှုအန္တရာယ်များ ပိုမိုများပြားလာသော်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်၊ ကမ္ဘာအဆင့် ရှင်သန်တိုးတက်မှု၊ ခုခံစွမ်းရည် မြှင့်တင်ရေးတို့သည် အဓိကကျပေရာ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအသစ်များကို ဘက်ပေါင်းစုံမှ ချဉ်းကပ်အဖြေရှာ ဆောင်ရွက်သွားကြခြင်းဖြင့် အောင်မြင်မှုအတွက် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားသော ဆွေးနွေးအဖြေရှာမှု၊ အခြေခံအကြောင်းတရားများ ကောင်းမွန်မှုတို့ကြောင့် အနာဂတ်တွင် အာရှတိုက်၏ ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါသည်။ ။

ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် ခွန်အားသစ်များဖြစ်

နေပြည်တော် ဧပြီ ၈

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပညာရည်မြင့်မားပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ လိုအပ်ကြောင်း၊ ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး ကျန်းမာသန်စွမ်းကာ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ဘက်စုံပညာထူးချွန်လူငယ်များအား ရွေးချယ်ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ အများအကျိုးသယ်ပိုးဆောင်ရွက်မည့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသော မျိုးချစ်စိတ်ဓာတ်ပြည့်ဝသူများ ပေါ်ထွန်းလာစေရန်အတွက် ကင်းထောက်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဘက်စုံပညာ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် ခွန်အားသစ်များဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်လူငယ်များအား ခေတ်မီဝိဇ္ဇာနှင့် သိပ္ပံနည်းပညာရပ်များတွင် စွမ်းရည်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ပေါ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင် မွေးမြူပေးလျက်ရှိကြောင်း၊ ဘက်စုံပညာ ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသော နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်နေကြရမည် ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းဆရာ ဆရာမများကလည်း ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာအောင် အစွမ်းကုန် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည့် ဘက်စုံပညာထူးချွန်လူငယ်နှင့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲတွင် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန် ငွေဆောင်အပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်းနှင့် ပုဂံအပန်းဖြေစခန်းများသို့ သွားရောက်လေ့လာ အပန်းဖြေခဲ့ကြသော ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူတစ်ဦးစီက အပန်းဖြေစခန်းအသီးသီး၌ လေ့လာခဲ့ရသော အတွေ့အကြုံများကိုလည်းကောင်း၊ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) အခြေခံ ပညာဦးစီးဌာနများမှ ကင်းထောက်လူငယ်ကိုယ်စားလှယ်တစ်ဦးစီက ကင်းထောက်လူငယ် အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြနှီးနှောဖလှယ်ကြသည်။

ဆက်လက်၍ ကင်းထောက်လူငယ်မောင်မယ်များက ပြည်သူ့အတွက် အစဉ် အသင့်သီချင်းကို သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အားသုံးလျှင် သတိယုဉ်

မိမိအသုံးပြုနေသည့် လျှပ်စစ်ပစ္စည်းကိရိယာများဖြစ်သော မီးဖို၊ မီးပူ၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို မပိတ်မိသည့်အတွက် အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလျက်ရှိနေပါသည်။ လျှပ်စစ်ပစ္စည်းများအား အသုံးပြုပြီးပါက သေချာစွာ ပိတ်ထားကြရန်နှင့် မီးဘေးလုံခြုံရေးအတွက် သတိရှိကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

မီးသတ်ဦးစီးဌာန

ကျောက်ကပ်ရောဂါ ပညာပေးဟောပြောပွဲကျင်းပ

မန္တလေး ဧပြီ ၈

ကမ္ဘာ့ကျောက်ကပ်နေ့အထိမ်းအမှတ် ကျောက်ကပ်ရောဂါပညာပေးဟောပြောပွဲကို ဧပြီ ၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း ပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ

ဒေါက်တာအောင်ကြီးက ဆောင်ရွက်ပြီး ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာခင်မောင်ဌေး၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ဌာနပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်နှင့် ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန် ဒေါက်တာခင်မောင်ကျော်တို့က ဆီးနှင့် ကျောက်ကပ်ရောဂါနှင့်ပတ်သက်ပြီး ဟောပြောကြသည်။ ထို့နောက်တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဆရာဝန်များက ပြန်လည်ဖြေကြားပေးသည်။

ကျောက်ကပ်တစ်လုံးစီတွင် Glomerulus ဟုခေါ်သော ဆန်ခါကွက်ငယ်လေးများ တစ်သိန်းစီရှိသည်။ အဆိုပါ ဆန်ခါကွက်ကလေးများသည် သွေးထဲမှ ခန္ဓာကိုယ်အတွက် မလိုသောအညစ်အကြေးများ၊ ဆီးဆိပ်များကို စစ်ထုတ်စွန့်ပစ်ခြင်း၊ သွေးထဲမှ Proteil ခေါ် အသားဓာတ်များ ဆီးထဲသို့ ပါမသွားရန် စစ်ကာပေးခြင်းတို့ကို ဆောင်ရွက်သည်။ ထိုကြောင့်လူတိုင်းတွင် ဖောရောင်ခြင်း၊ သွေးတိုးခြင်း၊ ဆီးနည်းခြင်း၊ ညတွင် ဆီးသာမန်ထက်ပိုသွားရခြင်း၊ ဆီးတွင်သွေးပါခြင်း အစရှိသည့် လက္ခဏာများ တစ်ခုခုရှိနေလျှင် ကျောက်ကပ်ရောင်ရောဂါ ရှိနေနိုင်သည်။ ထိုသို့ လက္ခဏာမပြသော်လည်း ဆီးစစ်ဆေး ကြည့်သောအခါ ဆီးတွင် အသားဓာတ်ပါနေပါကလည်း ကျောက်ကပ်ရောင်ရောဂါဖြစ်တတ်သည်။ ထို့ကြောင့် ကျောက်ကပ်ပျက်စီး အလုပ်မလုပ်ခြင်းမှ ကာကွယ်ရန်အတွက် အချိန်မီထိရောက်စွာကုသရန် အရေးကြီးသည်ဟု ဟောပြောပွဲမှ သိရသည်။

(၀၀၂)

သန္တာသူ Hotel, Restaurant, Aircon Express
APR 13 / APR 12 / APR 12
853575 Ext: 211, 09 421014940

01-501500, 09-73257852

UNIQUE STAR TRAVELS & TOURS
Promotion (၃)ဦးထယ်လျှင် + (၁)ဦးအခမဲ့
Apr: 10,11,12,13 (350,000)
Apr: 11,12,13,17 (205,000)
Apr: 13 (195,000) | Apr: 11,13 (195,000)
Apr: 12 (195,000) | Apr: 11,13 (205,000)
Apr: 11,13 (215,000) | Apr: 11,13 (265,000)
(5), Ground Fl, Asia Plaza. Ph: 391 372, 391 373, 708 353, 705 723, 09 514 8079
70(A), Kabaraye Pagoda Rd. 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166

May 1, 8 | May 1, 8 | May 2, 7
May 1, 8 | May 1, 8 | May 1, 8
First Choice Travel & Tour
09-4210 69966, 09-517 1301, 09-730 59081

GOLDEN STAR

TOP STAR

To Open Mind and Knowledge of Society
NEWSWEEK JOURNAL

ပြည်တွင်းရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှပစိဖိတ်ဆိုင်ရာညွှန်ကြားရေးမှူး Mr.Ajay Chhibber ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လွှတ်တော်များပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. Ajay Chhibber က လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လက်ခံသည်။ **(ယာပုံ)**

UNDP မှ လွှတ်တော်စာကြည့်တိုက်သို့ နိုင်ငံတကာဥပဒေရေးရာ စာအုပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များဆိုင်ရာ စာအုပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ၊ အခြေခံဥပဒေဆိုင်ရာ၊ မဲပေးခြင်းဆိုင်ရာစာအုပ်များ စုစုပေါင်း ၃၀၇ အုပ် လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ယဉ်ကျေးမှုဆိုင်ရာ ထပ်ဆင့် ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာ ခန်းမ၌ကျင်းပရာ **(အောက်ပုံ)** သတ္တုတွင်းဝန်ကြီးဌာန အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် နာယကအဖွဲ့ဝင် ဒေါ်ခင်သူဇာသန့်တို့က ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း၊ အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာနမှ အမျိုးသမီးရေးရာ အဖွဲ့ဝင် ၃၀၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

ရန်ကုန် မေ ၈

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၁၇)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၅-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃	တရားတော်
၇း၂၉	မြန်မာ့ရှုခင်း
၇း၃၅	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	မြန်မာသကြံန်
၈း၁၀	ဇာတ်လမ်းတို
၄း၂၀	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (ဒုတိယတွဲ) (အပိုင်း-၉၃)
၆း၁၅	သီချင်းဝိုင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၂၁)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -ဟာသရုပ်စုံ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်သူ့တရားရှင်ပေါင်ချိန် (အပိုင်း-၂၃) -Mini Series

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြည်သူများနစ်နာမှုမရှိစေရေး လေ့လာစုံစမ်းဖော်ထုတ်

ကော့သောင်း မေ ၈

ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ (၁၀)၊ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှ ဦးဆောင်သော အဖွဲ့ဝင် ငါးဦးပါအဖွဲ့သည် မေ ၅ ရက် နံနက် ၉ နာရီခွဲတွင် ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကော့သောင်းခရိုင်အတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရသော မြေပိုင်ရှင်များအား တွေ့ဆုံကြသည်။

အဆိုပါစုံစမ်းရေးကော်မရှင်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ထားသည့် လယ်ယာမြေများနှင့် အခြားမြေများသိမ်းဆည်းခံရသည့် အချက်ခြောက်ချက်အပေါ် အခြေခံ၍ လယ်ယာမြေများသိမ်းဆည်းခံရသည့် မြေယာပိုင်ရှင်များအား တွေ့ဆုံကာ ကော်မရှင်၏လုပ်ငန်းတာဝန်များပါ စည်းမျဉ်းဥပဒေများနှင့်အညီ စုံစမ်းဖော်ထုတ်ကြမည်ဖြစ်ပြီး တွေ့ရှိချက်များကို အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်အစီရင်ခံတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ (၁၀)သည် တနင်္သာရီတိုင်းဒေသကြီး သုံးခရိုင်ဖြစ်သည့် ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်၊ မြိတ်ခရိုင်တို့တွင် မတ် ၃၁ ရက်မှ မေ ၁၁ ရက်အထိ သိမ်းဆည်းခံရသော လယ်ယာမြေပိုင်ရှင်များနှင့်တွေ့ဆုံ၍ စုံစမ်းလေ့လာဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကျော်စိုး)**

နေတိုးလေကြောင်းမှတိုက် အာဖဂန်ကလေးများသေဆုံး

ကဘူး မေ ၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် ကလေး ၁၀ ဦးနှင့် အမျိုးသမီးနှစ်ဦးအပါအဝင် အရပ်သား ၁၂ ဦးသေဆုံးခဲ့ကြောင်း တနင်္ဂနွေနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ကူနာပြည်နယ် ရှိဂေါ်ခရိုင်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နောက်ထပ် အမျိုးသမီးခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ယုံကြည်ရသည်။

အဆိုပါသေဆုံးသူများသည် ၎င်းတို့၏ နေအိမ်အတွင်းမှာပင် ပစ်ခတ်မှုခံရပြီး သေဆုံးကြရခြင်း ဖြစ်သည်ဟု ရွာသားများနှင့် တာဝန်ရှိသူများက ဘီဘီစီသို့ပြောခဲ့သည်။

ရှိဂေါ်ခရိုင်၌ တိုက်ပွဲများဖြစ်ပွားစဉ် လေကြောင်းမှ ကူညီပစ်ခတ်ပေးမှုရှိခဲ့ကြောင်း နေတိုးကအတည်ပြုပြောကြားသည်။ သို့သော်အရပ်သားများသေဆုံးသည့် သတင်းကိုမူ ရရှိခြင်းမရှိဟု ဆိုသည်။ **ဘီဘီစီ။**

နေတိုး၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ရသည့် အာဖဂန်ကလေးငယ်များ။

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာကွယ်လွန်

လန်ဒန် မေ ၈

ဗြိတိန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်း၏လက်ထက်တွင် အာဂျင်တီးနားနိုင်ငံနှင့် ဖော့ကလန်ကျွန်းစုအရေးအတွက် စစ်ပွဲတစ်ရပ်ကို ၁၉၈၂ ခုနှစ်တွင် ဦးဆောင်ဆင်နွှဲအနိုင်ရရှိခဲ့ကာ သံမဏိမယ်(Iron Lady)ဟု တင်စားခေါ်ဝေါ်ခံရသူ မာဂရက်သက်ချာသည် မေ ၈ ရက်တွင် လေသင်တုန်းဖြတ်ရောဂါခံစားရကာ ကွယ်လွန်သွားပြီဟု ယနေ့သတင်းတွင် ဖော်ပြသည်။ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာသည် ကွယ်လွန်ချိန်၌ အသက် ၈၇ နှစ်ရှိပြီဖြစ်သည်။

၎င်း၏သမီး ကာရိုးသက်ချာက မိခင်ဖြစ်သူ ဘေရွန်နက်သက်ချာသည် ယနေ့နံနက်ပိုင်းတွင် လေသင်တုန်းဖြတ်သည့်ရောဂါခံစားရပြီး အေးချမ်းစွာကွယ်လွန်သွားခဲ့သည်ဟု ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်ကလည်း ဝန်ကြီးချုပ်ဟောင်းမာဂရက်သက်ချာ ကွယ်လွန်ခြင်းအတွက် အလွန်အမင်း ဝမ်းနည်းကြေကွဲရပြီး ကြီးမြတ်သော ခေါင်းဆောင်ကြီး၊ ကြီးမြတ်သော ဝန်ကြီးချုပ်နှင့် ကြီးမြတ်သော ဗြိတိန်နိုင်ငံသား တစ်ဦးဆုံးရှုံးရကြောင်း ဖော်ပြခဲ့သည်။ **ရိုက်တာ။**

အီရတ်တွင်နိုင်ငံရေးညှိနှိုင်းပွဲ၌ အသေခံဗုံးခွဲ၊ လူ ၂၀ သေဆုံး

ဘဂ္ဂဒက် မေ ၈

အီရတ်နိုင်ငံ၏ လာမည့်ဒေသဆိုင်ရာရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဆွန်နီကိုယ်စားလှယ်လောင်းတစ်ဦးက မေ ၆ရက်တွင် တည်ခင်းသော နေ့လယ်စာညှိနှိုင်းပွဲ၌ အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဗုံးခွဲခဲ့ရာ လူ ၂၀ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပြည်နယ်ကောင်စီ အဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့် မူတာနာ အဲလ်ဂျိုရာနီက ၎င်းကို ထောက်ခံသူများအား နေ့လယ်စာတည်ခင်းညှိနှိုင်းရန် ၎င်းနေအိမ်နှင့်တွဲ၍ဆောက်ထားသော ယာယီတဲမှာ ဗုံးဒဏ်ကြောင့် ပျက်စီးသွားကြောင်း ကောင်စီအဖွဲ့ဝင် ဆာဒစ်အဲလ်ဟူစိန်နီကပြောသည်။

ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်ကွာဝေးသော ဆွန်နီနှင့် ရှီးယိုက်တို့ ရောနှောနေထိုင်ကြသည့် ဘာကူဘာမြို့တွင် ယင်းဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုတွင် အဲလ်ဂျိုရာနီသည် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သော်လည်း နိုင်ငံရေးအခမ်းအနားများအတွက် လုံခြုံရေးထပ်ဆောင်းပေးရန် မေတ္တာရပ်ခံခြင်းမရှိဟုဆိုသည်။

ထိုတိုက်ခိုက်မှုကို မည်သည့်အဖွဲ့ကမျှ တာဝန်ရှိကြောင်း ကြေညာခြင်း မပြုသေးပေ။ သို့သော် အသေခံဗုံးခွဲခြင်း၊ ကားဗုံးခွဲခြင်း၊ စုပေါင်းတိုက်ခိုက်ခြင်း၊ ရှီးယိုက်ဦးဆောင်သော အစိုးရကို မတည်မငြိမ်ဖြစ်စေရန် ပြုလုပ်ခြင်းတို့သည် အယ်လ်ခိုင်ဒါစစ်သွေးကြွတို့၏ လက္ခဏာများဖြစ်သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **အေပီ။**

ဗီယက်နမ်နိုင်ငံ ပြည်ပ၌ ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံ ရင်းနှီးမြှုပ်နှံ

ဟနွိုင်း မေ ၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမလေးလပတ်တွင် စီမံကိန်း ၂၂ ခု၌ အမေရိကန်ဒေါ်လာ ၂ဒသမ ၆၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့သည်ဟု ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများအနက် သတ္တုတူးဖော်ရေးလုပ်ငန်း၌ အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၂ ဘီလီယံ (၇၂ ဒသမ ၃ ရာခိုင်နှုန်း)၊ ခရီးသွားလုပ်ငန်း၌ ဒေါ်လာ ၃၃၅ သန်း (၁၂ ဒသမ၆ရာခိုင်နှုန်း)နှင့် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၌ ဒေါ်လာ ၂၃၇ ဒသမ ၇သန်း(၈ ဒသမ ၉ ရာခိုင်နှုန်း) လုပ်ကိုင်ခဲ့သည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ပြည်ပနိုင်ငံ နယ်မြေ ၅၉ နေရာ၌ စီမံချက် ၇၄၂ ခုတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ လာအိုနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဖြင့် အများဆုံးရင်းနှီးမြှုပ်နှံခဲ့ပြီးနောက် ကမ္ဘောဒီးယားတွင် ဒေါ်လာ ၂ ဒသမ ၇၃ ဘီလီယံနှင့် ရုရှားတွင် ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့သည်ဟု သိရှိရသည်။ **ဆင်ဟွာ။**

အင်ဂိုလာ၌ မိုးသည်းထန်မှုကြောင့် လူကိုးဦးထက်မနည်းသေဆုံး

လူအန်ဒါ မေ ၈

အင်ဂိုလာနိုင်ငံ မြို့တော်လူအန်ဒါနှင့် မြို့စွန်အရပ်ဒေသတို့၌ မေ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းခဲ့ရာ လူကိုးဦးထက်မနည်းသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိသည်ဟု အန်ဂေါ့ပ်နိုင်ငံပိုင် သတင်းဌာနက မေ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသေဆုံးသူများတွင် အရွယ်ရောက်ရှိနေသူများနှင့် ကလေးများပါရှိပြီး အိမ်များ ပြိုကျမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု လူအန်ဒါပြည်နယ်အစိုးရ၏ နည်းပညာဆိုင်ရာ တာဝန်ရှိသူ ဒုတိယအုပ်ချုပ်ရေးမှူး အန်တိုနီအိုက ပြောကြားသည်။

ရှာဖွေလျက်ရှိ

သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများမှာ လူအန်ဒါ၊ ဆမ်ဘာနှင့် ကီလမ်ဘာတီယာမီဒေသများမှဖြစ်ပြီး အထူးအဖွဲ့များသည် ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်ဟု တာဝန်ရှိသူကပြောကြားသည်။ အင်ဂိုလာနိုင်ငံသည် အာဖရိကတောင်ပိုင်း၌တည်ရှိပြီး ဒုတိယရေနံအများဆုံး ထုတ်လုပ်ရာ ဒေသဖြစ်သည်။ **အေပီ။**

ဖတ်ရှုဖွယ်ရာ နိုင်ငံတကာသတင်းအတိုအထွာ

ကမ္ဘာလှည့်ခရီးသွားလာမှု တရုတ် သုံးစွဲငွေအများဆုံးနိုင်ငံဖြစ်

၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာ့လှည့်ခရီးသွားလာမှုအတွက် ငွေကြေးသုံးစွဲခဲ့သော နိုင်ငံများအနက် တရုတ်နိုင်ငံမှာ ငွေကြေးအများဆုံး သုံးစွဲခဲ့သောနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလာမှုအတွက် တရုတ်နိုင်ငံသားများ သုံးစွဲခဲ့သည့်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၂ ဘီလီယံရှိကြောင်း၊ ၂၀၁၁ ခုနှစ် အလားတူသုံးစွဲမှုနှင့် နှိုင်းစာလျှင် ၄၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလာမှုအတွက် အမေရိကန်နှင့်ဂျာမနီနိုင်ငံများသုံးစွဲခဲ့သည့်ငွေမှာ အမေရိကန်ဒေါ်လာ ၈၄ ဘီလီယံစီဖြစ်ပြီး ရုရှားနိုင်ငံသားများ သုံးစွဲခဲ့သည့်ငွေမှာ အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့၏ အဆိုအရ သိရသည်။

နှစ် ၆၀၀ သက်တမ်းရှိ ရှေးဟောင်းနံ့ရုံဆေးရေးဂူများ တရုတ်၌တွေ့ရှိ

နှစ် ၆၀၀ သက်တမ်းရှိပြီး တရုတ်မင်မင်းဆက် ခေတ်အတွင်းကာလက တည်ဆောက်ထားသည်ဟု ယူဆရသော နံ့ရုံဆေးရေးပန်းချီများ ပါဝင်သည့် ရှားပါးအုတ်ဂူများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တရုတ်ရှေးဟောင်း သုတေသနပညာရှင်များက မေ ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ ရှေးဟောင်းအုတ်ဂူများကို မေ ၄ ရက်က ကျန်စီပြည်နယ် ရှင်စီ စီရင်စုအတွင်း ကားရပ်နားရန်နေရာ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဆို၏။ အုတ်ဂူများမှာ အပျက်အစီးမရှိသေးသော်လည်း ဆေးရေးပန်းချီများမှာ အရောင်မှိန်ဖျော့ ဟောင်းနွမ်းနေလျက်ရှိပြီး ကြာပန်း၊ ဂန္ဓမာပန်း အစရှိသော ပန်းပွင့်ပုံများကို အနီ၊ အနက်၊ အပြာ၊ အဝါအစရှိသည့် အရောင်များ ခြယ်သထားသော ဝါးတုတ်ချောင်းများဖြင့် အလှဆင်ထားသည်ဟု ရှင်စီ စီရင်စုရှိ ရှေးဟောင်းသုတေသန သိပ္ပံမှ အဆိုပါ သုတေသီများကဆိုသည်။

ဆီးရီးယားအရေး အိုဘားမားနှင့် ကုလသမဂ္ဂအကြီးအကဲ ဆွေးနွေးမည်

ဆီးရီးယားပြည်တွင်း ပဋိပက္ခအရေးကိစ္စနှင့်အခြား အဓိကအကြောင်းအရာများနှင့်ပတ်သက်၍ အမေရိကန်သမ္မတ အိုဘားမားနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ လာမည့်ရက်သတ္တပတ်အတွင်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း အိမ်ဖြူတော်က မေ ၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် သမ္မတအိုဘားမားအနေဖြင့် အာရပ်စော်ဘွားများပြည်ထောင်စု၏ဘုရင်၊ ဂျော်ဒန်ဘုရင်နှင့် တူရကီဝန်ကြီးချုပ်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျေးကာနီက ဆိုသည်။

ကမ္ဘာ့ယာဉ်ကြောပိတ်ဆို့မှု အဆိုးရွားဆုံး မြို့တော်

ကမ္ဘာပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုအဆိုးရွားဆုံး ဖြစ်ပေါ်နေသောမြို့တော်မှာ ရုရှားနိုင်ငံ၏မြို့တော် မော်စကိုပင်ဖြစ်ကြောင်း နယ်သာလန် GPS ကုမ္ပဏီတွန်မ်တွန်မ်၏ နှစ်စဉ်ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။ ယာဉ်ကြောပိတ်ဆို့မှု အများဆုံးကာလမှာ နံနက်ပိုင်းနှင့် ညနေပိုင်းတွင်ဖြစ်ပြီး ညနေပိုင်းတွင်ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဖြစ်ပွားကြောင်း၊ မော်စကိုမြို့တွင်း၌ မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်မောင်းနှင်သူများမှာ ၂၀၁၂ ခုနှစ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် အနည်းဆုံးနာရီပေါင်း ၁၂၇ နာရီမျှ စောင့်ဆိုင်းခဲ့ကြရကြောင်း တွန်မ်တွန်မ်၏ အစီရင်ခံစာအရ သိရသည်။ ကမ္ဘာ့ယာဉ်ကြောပိတ်ဆို့မှု ဒုတိယအများဆုံးမြို့တော်မှာ တူရကီနိုင်ငံရှိ အစ္စတန်ဘူလ်မြို့တော် ဖြစ်ပြီး တတိယအများဆုံးမြို့တော်မှာ ပိုလန်နိုင်ငံ၏ ဝါဆောမြို့တော်ဖြစ်သည်ဟု သိရသည်။

ပါကစ္စတန်ကျောင်းသူလေး မာလာလာ လူမှုကူညီရေးအသင်းထူထောင်

ပါကစ္စတန် အမျိုးသမီးများ ကျောင်းနေနိုင်ရေးအတွက် လှုပ်ရှားခဲ့သူ မာလာလာယူဆွတ်ဖ်ဇိုင်းသည် Malala Fund အမည်ရှိ လူမှုကူညီရေးအသင်းတစ်ခုကို တည်ထောင်ခဲ့ပြီး ကနဦးအဖြစ် ပါကစ္စတန်အမျိုးသမီး ၄၀ ကို ကျောင်းပညာရေးသင်ကြားပေးကြရန် ဖြစ်ကြောင်းသိရသည်။ အဆိုပါ လူမှုကူညီရေးအသင်းတွင် ပါဝင်ကူညီရန် မာလာလာက ဖိတ်ခေါ်ထားပြီး ပါကစ္စတန်အမျိုးသမီး ၄၀ မှသည် ၄၀ မီလီယံအထိ စာသင်ကြားနိုင်ရေး ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

ဟိန်းထက်လင်း - စုစည်းသည်

ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ၊ တံတားဖွင့်ပွဲနှင့်စာကြည့်တိုက်ဖွင့်ပွဲများ ကျင်းပ

နေပြည်တော် မေ ၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ချောင်းကလေး-သိမ်ကုန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက်ပိုင်းတွင်ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က မီးလင်းရေးအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(ယာပုံ)**ချောင်းကလေး-သိမ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလျှပ်စစ်ဓာတ်အားလိုင်းအား မီးခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးသည်။

ထို့နောက် ကျေးရွာအတွင်း သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ နေအိမ်များ၌ သွယ်တန်းထားသော လျှပ်စစ်မီးလိုင်းများနှင့် လျှပ်စစ်မီးသုံးစွဲနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ ဖွင့်လှစ်သည့် ချောင်းကလေး-သိမ်ကုန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေးအတွက် (၁၆၀)ကေဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် ကျေးရွာတွင်းသို့ သုညဒသမ ၄ ကေဗွီဓာတ်အားလိုင်း ၁ ဒသမ ၄၃ မိုင် သွယ်တန်းပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မေ ၇ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ် ရွှေလှေသောင်ကျေးရွာအုပ်စု လက်ပံကျွန်းကျေးရွာ၌ ရွှေကျွန်းနဒီဘိုးပိုင်သံပေါင် သစ်သားတံတား သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှုခဦးကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်းနှင့် မတည်အလှူရှင်ဦးမြစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တံတားသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေကျွန်းသာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးယာဉ်တစ်စီးပေါ်မှ ခရီးသည်များဘဝ ဖြစ်စဉ်။

ခရီးသည်များဘဝကို ယာဉ်လိုင်းကြီးကြပ်ရေးအဖွဲ့ ကိုယ်ချင်းစာနာသင့်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြေးဆွဲလျက်ရှိသော အထူးယာဉ်လိုင်း စတင်ပြေးဆွဲစဉ်က ထိုင်ခုံလူပြည့်သာ တင်ဆောင်ရန် သတ်မှတ်ထားပြီး နွေရာသီတွင် အဲယားကွန်းဖွင့်လှစ်ပေးခြင်းဖြင့် ခရီးသည်ယာဉ်မှ ခရီးသွားပြည်သူများအား ဝန်ဆောင်မှုပေးခဲ့သည်။ ယာဉ်ပေါ်မတ်တတ်ရပ်စီးသည့် ခရီးသည်တွေ့လျှင် ယာဉ်လိုင်းကြီးကြပ်ရေးအဖွဲ့က အရေးယူဆောင်ရွက်မှုများဖြင့် ယာဉ်စီးခရီးသည်စိတ်ချမ်းမြေ့အောင် ဦးစားပေးဆောင်ရွက်ခဲ့ကြသည်။

ထို့အထူး ခရီးသည်ယာဉ်များမှာ ကြီးကြပ်မှုလျော့နည်းသွား၍ ထိုင်ခုံပြည့်တင်ပြီး မတ်တတ်ခရီးသည် နှစ်တန်းမှ သုံးတန်းအထိ တင်ဆောင်လာကြသည်။ ကိုယ့်ရုံး၊ ကိုယ့်အိမ်အချိန်မီရောက်ရှိရေးသာ အဓိကဖြစ်နေ၍ အပေါ်ချွေးအောက်သို့ စီးကျသည်အထိ ခံစားနေရသဖြင့် စာရေးဆရာတစ်ဦး၏ ဝတ္ထုအမည်ကဲ့သို့ "စီးပလေစေ မောင်မသုတ်နဲ့" ဟု အနေအထားတွင်ရှိစဉ် ဘေးတန်းတွေက ရှေ့ကထား၊ အလယ်တန်းက နောက်ဆုတ်ပေးဟု စပယ်ယာ အော်သံကြားလိုက်ရတော့ ဒီလောက်ပူးကပ်မွန်းကျပ်နေပြီး စီးနင်းလိုက်ပါနေကြသည့် ခရီးသည်များဘက်ငဲ့ကွက်၍ အဲယားကွန်းဖွင့်မပေးတဲ့ စပယ်ယာများကြောင့် စာရေးဆရာတစ်ဦး၏ ဝတ္ထုအမည်ဖြစ်သည့် 'လမ်းမှာရပ်လို့ မတ်တတ်ငို' ကဲ့သို့ ဖြစ်နေကြသည့် ခရီးသည်များဘဝကို ယာဉ်လိုင်းကြီးကြပ်ရေးအဖွဲ့မှ ကိုယ်ချင်းစာနာသင့်ပြီး ဖြေလျှော့နည်းများသုံး၍ ဆောင်ရွက်ပေးသင့်ကြောင်း ရေးသားတင်ပြလိုက် ရပေသည်။

(ထွန်းဝင်း)

မုံရွာမြို့ပရဟိတကျောင်းသားလေးများ၏ဘဝ ကမ္ဘာလှည့်ခရီးသည် အမေရိကန်လူမျိုး ၂၇ ဦး လာရောက်လေ့လာ

မုံရွာ မေ ၈

GRAND CIRCLE CORPORATION(GCC) မှ GRAND CIRCLE CRUISE LINE GRAND CIRCLE TRAVEL OVERSEAS ADVENTURE TRAVEL က ဝန်ဆောင်မှုပြု၍ အမေရိကန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွား ၂၇ ဦး၊ ဘာသာပြန် တစ်ဦး၊ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း အထက်သို့ ဆန်တက်ကာ မြင်းမူမြို့တွင် သင်္ဘောဆိုက်ကပ်၍ မုံရွာမြို့နှင့် ဝန်းကျင်သို့ လေ့လာရေးခရီးအဖြစ် မေ ၅ ရက်က လာရောက်ခဲ့ရာ မုံရွာမြို့လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းရှိ ကျောင်းသားလေးများ နေထိုင်မှုနှင့် ပညာရေးအခြေအနေများကို လေ့လာသွားခဲ့သည်။ ထိုသို့ လေ့လာရာတွင် ဖွံ့ဖြိုးရေးကျောင်းနှင့် ပတ်သက်၍ သိရှိလိုသည်များ၊ ဗဟုသုတဖြစ်ဖွယ်များကို ဖွံ့ဖြိုးရေးကျောင်း ဥက္ကဋ္ဌ ဦးချစ်လှိုင် (သိန်းတစ်ရာ)၊ ကျောင်းအုပ်ချုပ်ရေးမှူး ဦးအောင်ကြီး (အောင်နွယ်ဦး-မုံရွာ) နှင့် ကျောင်းကော်မတီဝင် ဦးမောင်ဝင်းတို့က လိုက်လံရှင်းလင်းပြသည်။ လေ့လာရေးအဖွဲ့သည် ကျောင်းအဝင်မုခ်ဦးမှစ၍ ကျောင်းဝင်းအခြေအနေများ၊ သိရှိလိုသည်များကို မေးမြန်းကြသကဲ့သို့ ကျောင်းသားလေးများ၏ အိပ်ဆောင်၊ စားဆောင်၊ စာသင်ခန်းများသို့ဝင်ရောက်ကြည့်ရှုကာ ကျောင်းသားလေးများနှင့် အင်္ဂလိပ်စာအမေးအဖြေပြုလုပ်ခြင်း၊ ကျောင်းသားလေးများ၏ ရာဇဝင်ကို မေးမြန်းခြင်း၊ လက်ဆောင်ပစ္စည်းများကို ကျောင်းသားလေးများ လက်ရောက်ပေးအပ်ခြင်းများကို ဆောင်ရွက်ကြသည်။ ထိုသို့ပြုလုပ်ကြသည့်အပြင် မိဘမဲ့ကျောင်းသားလေးများ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးသည့်အနေဖြင့် ခရီးသွားအဖွဲ့ဝင် အချို့နှင့် ကျောင်းသားအချို့ ပူးပေါင်းကာ ကဗျာရွတ်၍ ငြိမ့်ညောင်းစွာ ကခုန်ခြင်းကို တပျော်တပါးပြုလုပ်ခဲ့သည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် GRAND CIRCLE CRUISE LINE က မုံရွာမြို့ ပရဟိတကျောင်းသို့ လှူဒါန်းထားသော နှစ်ခန်းတွဲအိမ်သာကိုသွားရောက်ကြည့်ရှုကြပြီး မြင်းမူမြို့သို့ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကျိုးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးခဲမြိုင့် ၏

ရွှေသမင် ကျိုးပေါင်းရောဂါ

သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်ထုပ်ဆေး)ကို သတိရလိုက်ပါ။

ပင်ရင်း - အမှတ် (၇၆) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့။

စမတ်ကျသည့် ကင်းထောက်လူငယ်

ကပ္ပိယတစ်ဦး

ကျောင်းသားလူငယ်များ စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ရန် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ကင်းထောက်သင်တန်းများကို ပြန်လည်ဖွဲ့စည်းသင်ကြားပေးလျက်ရှိကြောင်း သတင်းများကို ကြားသိရသဖြင့် လွန်စွာမှပင် ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုအပ်ပါသည်။

စာရေးသူသည် ကင်းထောက်အဖွဲ့ဝင်ဟောင်း ကြီးတစ်ဦး ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ အထက (ယခင်-အစိုးရတန်းမြင့်ကျောင်း) တွင် အလယ်တန်းကျောင်းသားလေးများ ဖြင့်ဖွဲ့စည်းထားသော ကင်းထောက်အဖွဲ့ရှိ၏။ ကင်းထောက်ဆရာမှာ ဆရာ ဦးကံညွန့်ဖြစ်၍ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဆရာကြီးဦးအောင်သာဦး ဖြစ်သည်။ ကင်းထောက်အဖွဲ့များ၏ ကင်းထောက်ချုပ်မှာ ခရိုင်ပညာဝန်ဆရာကြီး ဦးခင်မောင်ဖြူ (အငြိမ်းစားသံအမတ်ကြီး ဆရာကြီး ဦးခင်မောင်ဖြူ)ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကင်းထောက်လူငယ်အဖွဲ့အစည်းအဆင့်ဆင့်ကို ၁၉၂၀ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ကြောင်းကို မှတ်တမ်းအထောက်အထားများအရ သိရှိရသည်။

ထင်ရှားသည့် မှတ်တမ်းအထောက်အထားတစ်ခုမှာ ပညာရေးဖခင်ကြီး ဆရာကြီးဦးထွန်းအောင်သည် မြင်းခြံမြို့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်အစိုးရအထက်တန်းကျောင်းတွင် ၁၉၂၆ ခုနှစ်က ကျောင်းအုပ်ဆရာကြီး တာဝန်ထမ်းဆောင်စဉ် ဆရာကြီးက ကလေးများ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုးရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ရာတွင် **“Boys Reading Club, Scouts လူငယ်ကင်းထောက်စာဖတ်အသင်း”**ကို တည်ထောင်ဖွင့်လှစ်လျက် ဆရာကြီးဦးထွန်းအောင်က ကင်းထောက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းအထောက်အထားများ ရှိပါသည်။

ထိုနည်းတူစွာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့်ကတည်းက ကင်းထောက်ဆရာများ၏ ဦးဆောင်မှုဖြင့် ကင်းထောက်လူငယ်အဖွဲ့ သုံးဖွဲ့တို့က ကင်းထောက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ၁၄-၁-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးအထောက်အထားဓာတ်ပုံအရ ကင်းထောက်အဖွဲ့ဝင်များသည် လုပ်ငန်းအသုံးပြုရန် ၅ ပင် × ၃ ပင်၊ အုတ်တစ်ထပ် အဆောက်အအုံတစ်ခုကို ဆောက်လုပ်ခဲ့ပြီး ထိုအဆောက် အအုံရှေ့မျက်နှာစာတွင် (SCOUT HALL YAMETHIN 1934) ဟု စကျင်ကျောက်ပြားတွင် ရေးထိုးထားသော ကင်းထောက်အဆောက်အအုံမှာ ယနေ့တိုင် တည်ရှိနေသေးကြောင်း သိရှိရပေ သည်။

ကင်းထောက်လူငယ်လေးများသည် ကာကီရောင်အင်္ကျီလက်တို၊ အပြာရောင်ဘောင်းဘီတို၊ ကင်းဘတ်ဖိနပ်အဖြူကို စီးလျက်၊ လည်စီးပဝါ၊ ဦးထုပ်နှင့် ကင်းထောက်တံဆိပ်တို့ကို တပ်ဆင်လျက် ကင်းထောက်ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ကြရပါသည်။

၁၉၅၈ ခုနှစ်တွင် ပြည်ထောင်စုနေ့မတိုင်မီ ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်ကို ရန်ကုန်-ပဲခူး ကားလမ်းမပေါ်ရှိ လှည်းကူးမြို့နယ် ကွန်းကလေးကျေးရွာကို ဖြတ်သန်းသယ်ယူစဉ် ကင်းထောက်ဆရာ ဆရာ ဦးကံညွန့် ဦးဆောင်လျက် ကင်းထောက်ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားသော လှည်းကူးမြို့ အထကမှ ကင်းထောက်များက အလံတော်ကို လက်ဆင့်ကမ်း သယ်ယူခဲ့ကြရပါသည်။

လှည်းကူးမြို့ အထက ကင်းထောက်အဖွဲ့သည် ယခုရဲ မွန်တပ် မြို့အဝင်ရှိ ကျိုက်ဒေးစ တိုးစေတီတော်ကြီး (တောအင်းစိန်ဘုရားကြီးသို့ ခြေကျင်ခရီးဖြင့် ဘုရားဖူးသွားခဲ့ရ၏။ အပြန်ခရီး၌ ဝါးနက်ကုန်းကျေးရွာရှိ လယ်ယာလုပ်ငန်းစပါးသိမ်းအလုပ်ခွင်တွင် ပါဝင်ကူညီလုပ်အားပေးခဲ့ကြ၏။ “လုပ်ငန်းတစ်ရပ် ငွေတစ်ကျပ်” ဆောင်ပုဒ်နှင့်အညီ မြို့တွင်း၌ အိမ်၊ ခြံ၊ မြေလုပ်ငန်းများကို ဝိုင်းကူလုပ်ပေးခြင်းဖြင့် ကင်းထောက်ရန်ပုံငွေရှာဖွေကြပါသည်။

ဒီဇင်ဘာလကျောင်းပိတ်ရက် ကာလတစ်ခုတွင် ကင်းထောက်အဖွဲ့သည် သန်လျင်မြို့နှင့် ကျောက်တန်းမြို့များသို့ ညအိပ်စခန်းချ ခရီးထွက်ကြ၏။ ကျောက်တန်းမြို့ ဗိုလ်တဲအဆောက်အအုံ(ယခုမရှိတော့ပါ)တွင် ညအိပ်ရပ်နားပြီး ထိုမှတစ်ဆင့် တပ်မတော်(ရေ)စစ်ရေယာဉ်ဖြင့် ပင်လယ်ဝ သီလဝါမီးပြတိုက်သို့ လေ့လာရေးထွက်ခဲ့ကြပါသည်။

ကင်းထောက်လုပ်ငန်း၏ ရည်ရွယ်ချက်ဖြစ်သော ကင်းထောက်တစ်ဦးသည် မျက်စိလျင်ရန်၊ ဖျတ်လတ်ရန် သူတစ်ပါးအားကူညီရန်၊ အဆင်သင့်ဖြစ်အောင်နေရန်၊ စိတ်ပါလက်ပါလက်တွဲလုပ်ကိုင်ရန်၊ လုပ်ငန်းတစ်ခုကို စပြီးလျှင် ပြီးဆုံးအောင်လုပ်တတ်ရန်၊ ဝင့်ကြွားမာနမရှိစေရန်၊ အဝတ်အစားကို သပ်ရပ်သန့်ရှင်းစွာဝတ်ဆင်တတ်စေရန်၊ ရပ်ကျိုးရွာကျိုး ဆောင်ရွက်တတ်သည့် လူငယ်တစ်ယောက်ဖြစ်လာစေရန် ကင်းထောက်ဆရာများက ကင်းထောက်များအား အထက်ပါ ကင်းထောက်လုပ်ငန်းများကို သဘာဝလက်တွေ့ကျကျ သင်ကြားပေးကြခြင်းဖြစ်ပါသည်။ ကင်းထောက်လုပ်ငန်းသည် ကလေးငယ်များကို ငယ်ရွယ်စဉ်အခါမှစ၍ စနစ်တကျ ပြုစုပျိုးထောင်ပေးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

၁၉၂၀ ခုနှစ်မှစ၍ မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ လှည်းကူးမြို့များအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းသားလူငယ်များ၏ စာရိတ္တနှင့် စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ လူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ကင်းထောက်လုပ်ငန်းများဆောင်ရွက်လာခဲ့ကြောင်းကို ပြည်တွင်း၌သာမက နိုင်ငံတကာကပါ သိရှိစေချင်ပါသည်။

ကင်းထောက်လုပ်ငန်းများကို ၁၉၆၃ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရသည်။ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများတွင် ယခုအခါ “ ကင်းထောက်သင်တန်းများ ပြန်လည်ဖွဲ့စည်းသင်ကြားခြင်း” ကို ကြိုဆိုပါသည်။ လူငယ်များအတွက် စာရိတ္တနှင့်စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေး “ကင်းထောက်လုပ်ငန်းများ” တိုးပွားကြပါစေ။ တိုးပွားသည်နှင့်အမျှ အောင်မြင်ကြပါစေဟူ၍ ဆန္ဒပြုအပ်ပါသည်။ ။

သမိုင်းဝင် မယ်ဒက်ကယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရေတာရှည် မေ ၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ သမိုင်းဝင်မယ်ဒက်ကယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထင်ရှားသော ပွဲတော်

အဆိုပါဘုရားပွဲတော်ကြီးမှာ ထင်ရှားသော ပွဲတော်ဖြစ်သည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှ ၁၂ ပွဲဈေးသည်များ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲများပါဝင်ပြီး ဒေသအတွင်းရှိ မြို့ကြီး၊ မြို့ငယ်၊ ကျေးလက်ဒေသများမှ အများအပြားလာရောက်ရာ အထူးစည်ကားလှပြီး တန်ခူးလဆန်း ၁၂ ရက်နှင့် ၁၃ ရက်နေ့များတွင် ပရိသတ်တိုးမပေါက်အောင် များပြားလှကာ ကျေးလက်လှေ့လှည်းများဖြင့် လာရောက်ကြ၍ လှည်းတန်းကြီးများ မျက်စိတစ်ဆုံးမြင်တွေ့ကြရသည့် ပွဲတော်ကြီးလည်းဖြစ်သည်။

(၅၇၈)



အခြေအနေသုံးမျိုးကြောင့် ဘုရင့်နောင်ယာဉ်ကြောပိတ်ဆို့မှု စံချိန်တင်

ရန်ကုန် မေ ၈

ရန်ကုန်မြို့ ဘုရင့်နောင်တစ်ဝိုက်တွင် ယာဉ်ကြောပိတ်ဆို့မှုများစံချိန်တင် ဖြစ်ပွားခဲ့ခြင်းမှာ အခြေအနေသုံးမျိုးကြောင့်ဟု တွေ့ရှိရပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ သတင်းရရှိသည်။

“ကျွန်တော်တို့ လုပ်ရမှာတွေက အများကြီးပဲ။ ကျွန်တော်တို့ လုပ်တဲ့လုပ်ငန်းက စိတ်ရှည်ရှည်နဲ့ လုပ်သွားရမှာ။ ကျွန်တော်တို့လုပ်ငန်းဟာ ချက်ချင်းဖြစ်နိုင်ဖို့တော့ အားနည်းတယ်” ဟုအဆိုပါအဖွဲ့အတွင်းရေးမှူးလည်းဖြစ်သူ မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်ကပြောသည်။ ထိုဘုရင့်နောင်ပွဲရုံတစ်ဝိုက်တွင် ရုံးပိတ်ရက်ရှည်ပိတ်မည့် ရှေ့တစ်ရက်နှင့် နောက်နှစ်ရက် သုံးရက်လောက်ယာဉ်ကြောပိတ်ဆို့တတ်ခြင်းဖြစ်ပြီး ရုံးပြန်မဖွင့်မီရက်နှင့် နောက်တစ်ရက်စသည်တို့တွင် ယာဉ်ကြောပိတ်ဆို့ခြင်းလည်းဖြစ်သည်။

ထိုသို့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခြင်းမှာ ဘုရင့်နောင်ပွဲရုံဝင်းသည် ကုန်ကားအစီးရေ ၃၅၀၀ သာ ဝင်ရောက်နိုင်အောင် ပြုလုပ်ထားသော်လည်း လက်ရှိတွင် ကုန်ကားစီးရေ ၆၅၀၀ လောက် ဝင်ရောက်နေသည်ကို လည်းကောင်း၊ ဒုတိယအချက်အဖြစ် ဘုရင့်နောင်ခုံးကျော်တံတားကြီး တည်ဆောက်နေခြင်းကြောင့် မူလလမ်းကြောင်း၌ပင်သွားသောယာဉ်များသည် ယာဉ်ကြောကျပ်တည်းစွာဖြင့်သွားလာနေရသည်ကို လည်းကောင်း၊ တတိယအချက်အဖြစ် ပွဲရုံဝင်းနှင့်အနီးတစ်ဝိုက်တွင် ညအိပ်ရပ်နားသောယာဉ်များကြောင့်ဖြစ်သည်ကိုလည်းကောင်း စသည်ဖြင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာတွင် တွေ့ရှိရခြင်းဖြစ်သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

ထိုကိစ္စကိုဖြေရှင်းရန် ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် ပိတ်ရက်မရှိအလှည့်ကျဖွင့်ရန် အကြံပေးထားပြီး လုပ်ငန်းရှင်များကလည်း ယခုစမ်းသပ်လုပ်ဆောင်နေကြောင်း သိရသည်။ ထိုယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားသည့်နေရာမှ အနည်းငယ်ကွာဝေးသောနေရာတွင် ခေတ္တတား၍ စကားပြောစက်ဖြင့် ဆက်သွယ်ပြီး တစ်စီးချင်းစီလွှတ်နိုင်ခြင်းဖြင့် အနီးပတ်ဝန်းကျင်အတွက် ယာဉ်ကြောရှင်းလင်းပေးနိုင်သော်လည်း တာဝန်ယူလုပ်ဆောင်မည့်သူများမှာ အရည်အသွေးပြည့်ဝစွာ လုပ်ဆောင်နိုင်ရန်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

(ထက်ခိုင်-စမ်းချောင်း)



မြန်မာနိုင်ငံဆိုင်ရာစပိန်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဧပြီ ၈

မစ္စ မာရီယာဒဲလ်ကာမင်မိုရီးနိုး ရေမွန်ဒိုအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော စပိန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ မာရီယာ ဒဲလ်ကာမင်မိုရီးနိုးရေမွန်ဒိုသည် ၁၉၆၅ ခုနှစ်တွင် စပိန်နိုင်ငံ ဗယ်လာဒိုလစ်မြို့၌ မွေးဖွားပြီး ဥပဒေဘွဲ့ရရှိထားသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်တွင် စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး သံတမန်ရာထူးအဆင့်ဆင့်ဖြင့်အစ္စလာမ်မာဘတ်၊ နယူးဒေလီ၊ ကွာလာလမ်ပူ၊ ဟာဗားနားနှင့် ပေကျင်းမြို့များရှိ စပိန်သံရုံး၊ ကောင်စစ်ဝန်ရုံးများနှင့် စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ စပိန်နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၏ ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် ထိုင်းနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂နာရီတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံရာ**(အပေါ်ပုံ)** ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍအား ရှင်းလင်းပြောကြားပြီး Mr. Ajay Chhibber က ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတကာနှင့် ပူးပေါင်းကာ တရားဥပဒေစိုးမိုးရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုနေသည်ကို သိရှိရပါကြောင်း၊ UNDP သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပူးပေါင်းကာ တရားဥပဒေစိုးမိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံချက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေအရာရှိများအား စွမ်းရည်မြှင့်တင်ပေးရန် ပညာတော်သင်စေလွှတ်နိုင်အောင် မိမိတို့ အဖွဲ့အစည်းက ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါကြောင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ရုရှားသံတမန်ဆက်ဆံရေး (၆၅)နှစ်မြောက်အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်ရောင်းချမည်

နေပြည်တော် ဧပြီ ၈

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၆၅) နှစ်မြောက် အထိမ်းအမှတ် ၅၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်ကို ဧပြီ ၁၀ရက် နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဧပြီ ၁၀ရက်တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားသင်တန်းဆင်းပွဲ ကချင်ပြည်နယ်၌ ကျင်းပ

နေပြည်တော် ဧပြီ ၈

နည်းပညာကျွမ်းကျင်မှုများကို အခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့ကျင့်လေ့လာလိုက်စားရင်း နိုင်ငံတော်နှင့် ကချင်ပြည်နယ်အတွက် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာရေး၊ ပြည်နယ်နှင့်နိုင်ငံတော်၏ ဂုဏ်ဆောင်နိုင်သော အားကစားသမားကောင်းများ ဖြစ်လာရေးအတွက် ကြိုးစားကြစေလိုကြောင်းဖြင့် ဧပြီ ၆ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ပြည်နယ်အားကစားနှင့်ကာယပညာ ကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားပေါင်းစုံ သင်တန်းဆင်းပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက မှာကြားကာ အားကစားနည်းအလိုက် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြနုတို့က ပြည်နယ်အားကစားအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၇၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၅ ရက်မှ ဧပြီ ၆ရက်အထိ တစ်လကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟမ်းဆက်တစ်လုံးဝယ်လျှင် ဆင်းမ်ကတ်အခမဲ့ပေးမည်

ကလေး ဧပြီ ၈

နိုင်ငံတော်သမ္မတကြီးမှ ဆင်းမ်ကတ်များကို ၁၅၀၀ကျပ်ဖြင့် ဧပြီ ၂၄ ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ကြောင်း ပြောကြားပြီးသည့်နောက် ပြည်သူများက ဝမ်းပန်းတသာကြိုဆိုကြသလို မိုဘိုင်းဖုန်းအရောင်းဆိုင်များကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေကြသည်။

ထွက်ပေါ်လာမည့် ၁၅၀၀ ကျပ်တန် မိုဘိုင်းဖုန်းနှင့်ပတ်သက်၍ Over Sea မိုဘိုင်းဖုန်းအရောင်းဆိုင်မှ ဆိုင်ရှင်ကိုထွေးက ပြောကြားရာတွင် " သိပ်ကိုဝမ်းသာတာပေါ့ဗျာ၊ ကျွန်တော့်ဆိုင်ကတော့ ဟမ်းဆက်တစ်လုံးဝယ်ယူအားပေးသူကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဆင်းမ်ကတ်တွေကို အခမဲ့ပေးသွားမှာပါ၊ အခြေခံလူတန်းစားတွေအထိ ဖုန်းကိုင်နိုင်ပြီဆိုတော့ အများကြီးဝမ်းသာပါတယ်"ဟု ပြောသွားသည်။

Over Sea ဖုန်းဆိုင်သည် ကလေးမြို့တွင် ထင်ရှားသော ဖုန်းအရောင်းဆိုင်ဖြစ်ပြီး အင်တာနက်လိုင်းများ ချိတ်ဆက်ပေးခြင်း၊ ငွေဖြည့်ကတ်များ ရောင်းချပေးခြင်း၊ ဖုန်းများပြုပြင်ပေးခြင်းဖြင့် ဝန်ဆောင်မှုပေးနေသော ဖုန်းအရောင်းဆိုင်ဖြစ်ကြောင်း သိရသည်။

(သျှင်နေမင်း-ဂန့်ဂေါ)

သတင်းမီဒီယာများနှင့် တွေ့ဆုံပြောကြားရာတွင် တာဝန်ရှိသူများ ယဉ်ကျေးစွာ ပြောဆိုသုံးနှုန်းရန်လိုအပ်နေဆဲ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ယခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ အသွင်သစ်၊ အမြင်သစ်တို့ဖြင့် လွှင့်ထုတ်ပြသလာခဲ့ရာ အားရကျေနပ်ဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။ ယခုအခါ သတင်းထုတ်လွှင့်ပေးမှုသည်လည်း ခေတ်မီဆန်းသစ်မှုများ ရှိလာပြီဖြစ်ရာ ယခင်ကလို တမေ့တဆွေးနှင့် ပျင်းရိငြီးငွေ့ဖွယ်ရာ အခြေအနေမျိုး မတွေ့ရတော့။ သတင်းများကို တင်ဆက်ရာတွင် သတင်းနှင့် ဆက်စပ်သူတို့၏ ရုပ်နှင့် အသံ(ပြောစကား)များကိုပါ လွှင့်ထုတ်ပြသပေးသဖြင့် စိတ်ဝင်စားဖွယ်ရာလည်း ကောင်းလာသည်။

ထိုအခြေအနေမျိုးတွင် ရုပ်သံသတင်းမီဒီယာများနှင့် တွေ့ဆုံပြောကြားသည့် တာဝန်ရှိပုဂ္ဂိုလ်အချို့၏ စကားပြောဆိုဆက်ဆံသုံးနှုန်းမှုများသည် ယဉ်ကျေးမှုရှိရန် လိုအပ်နေသေးကြောင်းကို တွေ့မြင်နေရပေသည်။ ည ၈ နာရီသတင်းအပြီး တင်ဆက်နေသော "ပြည်သူတို့ရဲ့ စကားသံ" ကဏ္ဍတွင် ပါဝင်ပြောကြားကြသည့် ပြည်သူပြည်သား၊ အရပ်သူအရပ်သား၊ တောသူတောင်သားတို့၏ စကားပြောကြားပုံအချို့သည် ပြေပြစ်ကောင်းမှ ပြေပြစ်ပါလိမ့်မည်။ ယဉ်ကျေးဖွယ်ဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ရှိစေ၊ မည်သို့ပင်ပြောစေ သူတို့၏ ရင်တွင်းစကားသံများကို သူတို့ပြောဆိုတတ်သလို ပြောဆိုကြခြင်းဖြစ်၍ ခံစားနားလည်ခွင့်လွှတ်၍ ရကြမည် ထင်ပါသည်။

သို့သော် သတင်းနှင့်အတူ တွဲဖက်တင်ဆက်သည့် ဌာနဆိုင်ရာတာဝန်ရှိသူ အသီးသီးတို့၏ ပြောဆိုစကားများကမူ မိမိတို့၏ဌာနအဖွဲ့အစည်း၊ မိမိတို့နိုင်ငံကို ကိုယ်စားပြုကာ နိုင်ငံတော်သမ္မတကြီးနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံတကာကို ဦးတည်ပြောကြားရခြင်းသာဖြစ်၍ ယဉ်ကျေးပြေပြစ်မှုရှိကြဖို့ အထူးလိုအပ်မည် ထင်ပါသည်။ မိမိတို့ပြောစကားသည် ခန်းမဆောင်အတွင်း တက်ရောက်နေသူများကိုသာ ပြောကြားနေရခြင်းမဟုတ်၊ သတင်းထောက်တစ်ဦး၊ မီဒီယာသမားတစ်ဦးကိုသာ ပြောဆိုနေခြင်းမဟုတ်သည်ကို သတိပြုဖို့ လိုမည်ထင်ပါသည်။

နမူနာပြရပါလျှင် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ပြည်သူလူထုအား ပြောကြားသည့် စကားသံများ၊ ပြည်တွင်းပြည်ပ မီဒီယာများနှင့် တွေ့ဆုံပြောကြားပုံများကို နမူနာယူသင့်ပါသည်။ သမ္မတကြီး၏ "မိဘပြည်သူများ ခင်ဗျား"ဟု နိဒါန်းချီ ပြောကြားမှုများ၊ ဝေါဟာရစကားလုံး ပြောဆိုသုံးနှုန်းပုံများသည် အလွန်နူးညံ့သိမ်မွေ့ယဉ်ကျေးပါသည်။ သာယာနာပျော်ဖွယ်ကောင်းလှပါသည်။ အထက်စီးဆန်သော၊ မယဉ်ကျေးသော အမူအရာမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ရ၊ မမြင်ရဘူးပါ။ မည်သူ့ကိုမဆို ပြည်သူပြည်သားများအပေါ် တလေးတစား ပြောဆိုဆက်ဆံတတ်သည့် ပညာရှိလက္ခဏာမျိုးကို အမြဲတမ်းတွေ့မြင်နေရပါသည်။ အလွန်တရာ လေးစားကြည်ညိုစရာကောင်းပါသည်။

ဤမျှနိဒါန်းချီပြောနေရခြင်းမှာ အကြောင်းရှိပါသည်။ ဧပြီ ၅ ရက်က မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော သတင်းအစီအစဉ်တစ်ခုတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ သတင်းမီဒီယာများနှင့် တွေ့ဆုံပြောကြားချက်များကို ကြည့်ရှုနားဆင်ခွင့်ရခဲ့ပါသည်။ တက်ရောက်လာသူများနှင့် သတင်းမီဒီယာများကို ပြောကြားနေသော အဆိုပါ တာဝန်ရှိပုဂ္ဂိုလ်၏စကားလုံး ဝေါဟာရအသုံးအနှုန်းများမှာ "ငါတို့" "မင်းတို့"ချင်း ထပ်နေပါသည်။ မြင်တွေ့နားထောင်နေရသော မိမိမှာမူ နားကလောမှုဖြစ်ရသည်။ မိမိနည်းတူ ထိုမြင်ကွင်းကို ကြည့်ရှုမြင်တွေ့နေကြသည့် ထိုပုဂ္ဂိုလ်ထက် အသက်၊ ဂုဏ်ဝါကြီးမြင့်ကြသော ပုဂ္ဂိုလ်များအနေဖြင့်မူ မည်သို့ ခံစားကြရလိမ့်မည် မသိ။ ထိုပုဂ္ဂိုလ်မှာ ဝန်ကြီးဌာနတစ်ခု၏ ဌာနဆိုင်ရာ တာဝန် ရှိပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသော်လည်း သတင်းမီဒီယာအတွေ့အကြုံမရှိခြင်းကြောင့်လား၊ သတင်းမီဒီယာကို အလေးမထားခြင်းလာတော့မသိ။ မည်သို့ပင်ဖြစ်စေ သတင်းမီဒီယာလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေကြသူများသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်ကောင်း ငယ်ရွယ်ကြပါလိမ့်မည်။ သို့သော် တာဝန်ရှိသူများအနေဖြင့် သတင်းမီဒီယာများနှင့် တွေ့ဆုံပြောကြားနေခြင်းသည် မိမိတို့ ပြောကြားအသိပေးလိုသော သတင်းစကားများကို သတင်းမီဒီယာများမှတစ်ဆင့် မိဘပြည်သူများထံ တစ်ဆင့်စကား ပြောကြားနေခြင်းဖြစ်သည်ကို သတိပြုဖို့ လိုမည်ထင်ပါသည်။ ဝေါဟာရစကားလုံး အသုံးအစွဲယဉ်ကျေးဖို့ လိုပါသည်။ သို့မဟုတ်လျှင် ပြည်သူလူထုအပေါ် မလေးစားရာ ရောက်တတ်ပါသည်ဟု တင်ပြလိုက်ပါသည်။

(နန္ဒာမင်းလွင်)

ခြင်ဆေးမီးပွား
သေးငယ်ငြား
ဒုက္ခများစွာ
ပေးလိမ့်မည်။

အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေလျှော့ရန်အတွက် ခုံးကျော်တံတားများကို တည်ဆောက်လျက်ရှိပါသည်။ ဘုရင့်နောင်လမ်းဆုံ၌ ဘုရင့်နောင်ခုံးကျော်တံတားလုပ်ငန်းများကို အပိုင်း(၄)ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အပိုင်း(၄)နေရာဖြစ်သည့် သမိုင်းဘူတာရုံလမ်း (အရှေ့ဘက်)၌ လမ်းလယ်အား နေရာယူ၍ ဆောင်ရွက်ရမည်ဖြစ်သည်။

၂။ ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်ရာတွင် ခရီးသည်တင်ယာဉ်(ကားကြီး) ဘတ်စ်ကားလိုင်းများအားလမ်းလွှဲမှ မောင်းနှင်စေပြီး ခရီးသည်တင်ယာဉ် (ကားလတ်)၊ ကိုယ်ပိုင်ယာဉ်နှင့် Taxi များကိုသာ အဆိုပါလမ်းပေါ်မှ ဖြတ်သန်းခွင့်ပြုပေးမည်ဖြစ်ပါသည်။

၃။ လမ်းလွှဲမှမောင်းနှင်ရမည့် ခရီးသည်တင်ယာဉ်(ကားကြီး)ဘတ်စ်ကားလိုင်းများ အသုံးပြုရမည့် လမ်းကြောင်းမှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်မှစတင်၍ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) မထသ (၃၆)အနီယာဉ်လိုင်းမှ တစ်စီး၊ အနောက်ပိုင်းခရိုင် (၃၃၃)ယာဉ်လိုင်းမှ ၂၆ စီး၊ မထသ (၄၈)အထူး ယာဉ်လိုင်းမှ ၂၁စီး၊ မထသ (၂၀၂)အထူးယာဉ်လိုင်းမှ ခုနစ်စီး၊ ရွှေဧည့်သည် ယာဉ်လိုင်း ၂၈ စီး၊ စုစုပေါင်း ၈၃ စီးသည် အင်းစိန်-ပေါက်တောဝ လမ်းဆုံ ဘုရင့်နောင်လမ်း၊ ၎င်းမှ စက်မှုဆေးဝါးလမ်း၊ ဗဟိုလမ်း၊ ကြို့ကုန်းလမ်းဆုံ၊ ရန်ကုန်-အင်းစိန် လမ်းမကြီးအတိုင်း သမိုင်းလမ်းဆုံသို့ အသွားအပြန် အသုံးပြုရမည် ဖြစ်ပါသည်။

(ခ) ပါရမီ (၁၇၆)ယာဉ်လိုင်းမှ (၃၀)စီးသည် ဘုရင့်နောင်တံတား၊ ဘုရင့်နောင်လမ်းဆုံ၊ ဘုရင့်နောင် လမ်း၊ ပါရမီလမ်း၊ ရန်ကုန်-အင်းစိန်လမ်းမကြီးအတိုင်း သမိုင်းလမ်းဆုံသို့ အသွားအပြန် အသုံးပြုရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမှတ်တရ လက်ဆောင်များ ပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အပန်းဖြေစခန်းအလိုက် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များက အမှတ်တရလက်ဆောင်များကို ဂါရဝပြု ပေးအပ်ကြစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ယနေ့အခမ်းအနားကို မိမိအပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများကိုယ်တိုင် တက်ရောက်အားပေး ဂုဏ်ပြုကြသည့်အတွက် မောင်တို့မယ်တို့အတွက် ထူးခြားသည့် နေ့တစ်နေ့၊ မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများနှင့်အတူ မောင်တို့မယ်တို့အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဦးစွာပထမ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း၊ ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများထဲမှ တချို့သည် တစ်ချိန်က မောင်တို့မယ်တို့ကဲ့သို့ ဘက်စုံထူးချွန်ကြသူများ၊ လူရည်ချွန်ဆုကို အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့ကြသည့်သူများ ပါဝင်ကြပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များသည် တစ်ချိန်က မောင်တို့မယ်တို့ကဲ့သို့ ကျောင်းသူ ကျောင်းသားများဖြစ်ခဲ့ကြပြီး ယခုအချိန်မှာ နိုင်ငံ့တာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်နေကြပါကြောင်း၊ ယနေ့ နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဦးဆောင်နိုင်ငံဖြစ်ရေး၊ နိုင်ငံအများက လေးစားရသည့် ဂုဏ်သိက္ခာရှိသည့် နိုင်ငံဖြစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် အပြိုင်အဆိုင်ကြိုးစားနေကြသည့် အချိန်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် ၎င်းတို့နိုင်ငံ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် မျိုးဆက်သစ်လူတော်လူကောင်းလူငယ်များကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးမြူပြီး နိုင်ငံ့တာဝန်များကို ပခုံးလွှဲပြောင်းတာဝန်ယူဆောင်ရွက်သွားစေသည့်အတွက် ၎င်းတို့နိုင်ငံများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယနေ့ထိပ်တန်း ရောက်နေသည့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံသည် မကြာခင်ကာလက ၎င်းတို့၏ ပဉ္စမမျိုးဆက်ခေါင်းဆောင်များကို ပခုံးလွှဲပြောင်းပေးပြီး ၎င်းတို့ နိုင်ငံကို ယခုအခါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် စတင်ထူထောင်နေကြပြီဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည်လည်း တစ်ချိန်မှာ မိမိတို့နိုင်ငံ၏ တာဝန်များကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ မိမိနိုင်ငံ၏အနာဂတ်သည် မောင်တို့မယ်တို့လက်ထဲတွင် ရှိနေကြောင်း၊ နိုင်ငံ၏ အနာဂတ်ကောင်းကျိုးဆိုးကျိုးသည်လည်း မောင်တို့မယ်တို့၏ အရည်အချင်းပေါ်တွင် မူတည်နေကြောင်း၊ အရည်အချင်းဆိုရာတွင် ကျောင်းစာတစ်ခုတည်း တော်နေတတ်နေရုံနှင့် မလုံလောက်ကြောင်း၊ ကိုယ်သင်ယူသည့် အတတ်ပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ရန်၊ စည်းကမ်းရှိရန်၊ ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိရန်၊ မြင့်မြတ်သည့် စိတ်ထားမွေးမြူပြီး တိုင်းပြည်နှင့် လူမျိုးကိုချစ်သော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရန် လိုကြောင်း။

မည်ဖြစ်ကြောင်း၊ လူသားစွမ်းရည် အရင်းအမြစ်ဖြစ်သည့် မောင်တို့မယ်တို့ကဲ့သို့ ဘက်စုံပညာထူးချွန်သောလူငယ်များအများကြီးမွေး ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တကယ်တတ်ကျွမ်းပြီးနည်းနည်းလေ့ကျင့် ပေးရုံဖြင့် လုပ်ငန်းခွင်ကို တန်းဝင်နိုင်သည့် ပညာရေးဖြစ်အောင် အဆင့်မြှင့် တင်ရမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး ကင်းထောက်လူငယ်များ မွေးထုတ်ရမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကို ကင်းထောက်လူငယ်အဖြစ်ဖွဲ့စည်းပြီး နိုင်ငံတကာမှ ကင်းထောက်လူငယ်များနှင့် တန်းတူရည်တူ လိုက်နိုင်အောင် လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ကင်းထောက်လူငယ်များသည် မောင်တို့မယ်တို့ပြီးလျှင် နိုင်ငံအတွက် ဒုတိယမျိုးဆက်သစ်များဖြစ်ရမည်ဖြစ်ကြောင်း၊ ယခုကတည်းက စိတ်ဓာတ်ခိုင်မာအောင်၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းအောင်၊ အခက်အခဲများကို ကျော်လွှားနိုင်အောင် လူမှုဝန်ထမ်းစိတ်ဓာတ်၊ အများအကျိုးသယ်ပိုးဆောင်ရွက်လိုသည့်စိတ်ဓာတ်၊ စည်းလုံးညီညွတ်စွာနေထိုင်တတ်သည့် စိတ်ဓာတ်များကို ငယ်စဉ်ကတည်းက လေ့ကျင့်မွေးမြူပေးသွားရန် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အပါအဝင် ယင်းလူငယ်များသည် တစ်ချိန်မှာအရည်အချင်းပြည့်ဝသည့် နိုင်ငံ့ခေါင်းဆောင်များဖြစ်လာရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထက် ပိုကောင်းအောင် ကြိုးစားကြရန်တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့်မှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယခု ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များ ရွေးချယ်ဂုဏ်ပြုခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂံအပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်းနှင့် ငွေဆောင်အပန်းဖြေစခန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ်များက တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ နေပြည်တော် ပျဉ်းမနား အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားတစ်ဦးက 'ဇော်က' အကဖြင့် ကပြဖျော်ဖြေခြင်း၊ ကင်းထောက်လူငယ်များက တစ်ခန်းရပ်ပြဇာတ်များဖြင့် ဖျော်ဖြေခြင်း၊ နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသူလေးများက 'အက'ဖြင့် ကပြဖျော်ဖြေခြင်း စသည်ဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ အပန်းဖြေစခန်းအလိုက်ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များက အမှတ်တရလက်ဆောင်များကို ဂါရဝပြုပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်များ ရွေးချယ်ရသည့်ရည်ရွယ်ချက်များမှာ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ မှန်ကန်သောအကျိုးပြု ယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့်စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိလာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ စံပြနမူနာလူငယ်များ ပေါ်ထွန်းလာစေရန်တို့ဖြစ်ကြောင်း သိရသည်။

အလားတူ ကင်းထောက်လူငယ်များရွေးချယ်ရသည့် ရည်ရွယ်ချက်များမှာ ကင်းထောက်လူငယ်အဖွဲ့သည် နိုင်ငံရေးမစွက် လူမှုဝန်ထမ်းသက်သက်မျှသာဖြစ်စေရေးကို ဦးတည်လေ့ကျင့်ပေးရန်၊ လူငယ်တို့ကို တာဝန်သိသော နိုင်ငံ့သားကောင်းဖြစ်စေရန်၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းမွန်စေရန်၊ မိမိကိုယ်ကို အားကိုးတတ်စေရန်၊ အမိန့်နာခံတတ်ရန်နှင့် သတင်းအမှန်ရရှိရေး ကြည့်ရှုလေ့လာစူးစမ်းတတ်စေရန်၊ လူသားအချင်းချင်း ချစ်ခင်မြတ်နိုးပြီး သစ္စာစောင့်သိကာ အများအကျိုးဆောင်ရွက်တတ်သည့် နိုင်ငံ့သားကောင်း ဖြစ်လာစေရန်၊ တာဝန်သိမှုနှင့် လွတ်လပ်မှုကို ဟန်ချက်ညီညီ ကျင့်သုံးနိုင်ပြီး လူသားပီသသော လူအဖြစ် မိမိကိုယ်ကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိစေရန်တို့ဖြစ်ကြောင်း သိရှိရသည်။

ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံ့သားကောင်း အခြေခံကောင်းများကို ပုံသွင်းလေ့ကျင့်ပေးနိုင်ရန်အတွက် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၀ စီဖြင့် စုစုပေါင်း ၅၁၀ ကို ရွေးချယ်ခဲ့ကြောင်း၊ အလားတူ ဆဋ္ဌမတန်းကျောင်းသားကျောင်းသူ ၂၀၀၀ အား ကင်းထောက်လူငယ်များအဖြစ် ဖွဲ့စည်းကာ ကင်းစိတ်ခေါင်းဆောင်နှင့် ဒုတိယကင်းစိတ်ခေါင်းဆောင် လူငယ်မောင်မယ် ၄၈၀ တို့ကို နေပြည်တော် စုပေါင်းစခန်းတွင် လေ့ကျင့်ပေးနေကြောင်း၊ ယနေ့တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနားတွင် အဆိုပါ ဘက်စုံပညာထူးချွန်လူငယ် ၅၁၀ နှင့် စခန်းသွင်းလေ့ကျင့်ပေးနေသည့် ကင်းထောက်လူငယ် ၄၈၀ စုစုပေါင်း လူငယ် ၉၉၀ တို့အား ဂုဏ်ပြုသည့်အခမ်းအနားဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကင်းထောက်လူငယ်များက 'စာနာထောက်ထား ကင်းထောက်များ' တစ်ခန်းရပ် ပြဇာတ်ဖြင့် ဖျော်ဖြေ တင်ဆက်စဉ်။ (သတင်းစဉ်)

ဘက်စုံထူးချွန်မောင်မယ်များပီပီ ဘက်စုံတော်အောင်၊ ကောင်းအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သာမန်ကြိုးစားရုံဖြင့် မပြီးကြောင်း၊ ထူးချွန်အောင်ကြိုးစားရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံ၏ အနာဂတ်အတွက် စိတ်ချရသော မျိုးဆက်သစ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့ အစိုးရသစ်လက်ထက်တွင် အဋ္ဌမတန်းမှ ဒသမတန်းအထိ ဘက်စုံပညာထူးချွန်လူငယ် စုစုပေါင်း ၅၁၀ စတင်ရွေးချယ်နိုင်ခဲ့ကြောင်း၊ တက္ကသိုလ်အသီးသီးတွင်ရှိသည့် ထူးချွန်သော လူငယ်မောင်မယ်များကိုလည်း ရွေးချယ်သွားရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတော်ဆုံး အကောင်းဆုံးလူငယ်များကို နိုင်ငံခြားတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ နာမည်ကြီးတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး ပညာသင်ကြားခွင့်ရရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်တွင်းတွင်လည်း အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ သင်ကြားနိုင်ရန် အမေရိကန်နိုင်ငံမှ ဂျွန်ဟော့ကင်းတက္ကသိုလ်၊ ဂျပန်နိုင်ငံမှ နာဂိုယာတက္ကသိုလ်၊ ဩစတြေးလျနိုင်ငံမှ အမျိုးသားတက္ကသိုလ်စသည့် တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အတွက် မိမိတို့နိုင်ငံတွင် ရေခံမြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ သားငါး၊ သတ္တုစသည့် သဘာဝအရင်းအမြစ်များ၊ စားရေရိက္ခာအတွက် စိုက်ပျိုးထုတ်လုပ်နိုင်သော လယ်ယာမြေများရှိကြောင်း၊ သင့်တင့်မျှတသည့် ရာသီဥတု၊ လူဦးရေများပြားပြီး ကြီးမားသောဈေးကွက်ကြီးများရှိကြောင်း၊ မိမိတို့တွင် အရင်းအနှီး၊ နည်းပညာနှင့် လူသားစွမ်းရည် အရင်းအမြစ်များလိုအပ်နေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မျှော်မှန်းသလိုဝင်ရောက်လာပါက အရင်းအနှီးများ၊ နည်းပညာများရလာ

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း၊ သက်တမ်းနုနယ်သေးသည့်အတွက် မိမိတို့နိုင်ငံမှာ ဒီမိုကရေစီအတွေ့အကြုံနှင့် ဒီမိုကရေစီအလေ့အကျင့် နည်းသေးကြောင်း၊ နိုင်ငံတိုင်းမှာ တရားဥပဒေဆိုတာရှိကြောင်း၊နိုင်ငံသားတိုင်းသည် တရားဥပဒေကို လေးစားလိုက်နာရကြောင်း၊ တရားဥပဒေကိုမျက်ကွယ်ပြုပြီး လူအုပ်စုဖွဲ့ကာ အနိုင်အထက်ပြုကျင့်မှုများသည် အကြမ်းဖက်ရမ်းကားမှုများသာ ဖြစ်ကြောင်း၊ ဒီမိုကရေစီမဆန်သော ပြုကျင့်မှုများသာဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့သည် ကျောင်းသားဘဝမှစ၍ ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားရမည်ဖြစ်ကြောင်း၊ လေ့လာမှတ်သားပြီး လက်တွေ့ကျင့်ကြံအားထုတ်ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကျောင်းများတွင် ကျောင်းကောင်စီများဖွဲ့စည်းထားကြောင်း၊ ကျောင်းကောင်စီများမှတစ်ဆင့် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများနှင့်အတူ ဒီမိုကရေစီ၏တန်ဖိုးကို သိရှိနားလည်ပြီး အများကို မထိခိုက်စေသော လွတ်လပ်မှုကို ကျောင်းသားဘဝကတည်းက ရယူတတ်သည့် အလေ့အကျင့်ရအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် မောင်တို့မယ်တို့သည် တိုင်းပြည်၏ အနာဂတ်မျိုးဆက်သစ်များဖြစ်ကြောင်း၊ တိုင်းပြည်၏ အနာဂတ်ကောင်းကျိုး၊ဆိုးကျိုးသည် မောင်တို့မယ်တို့အပေါ်တွင် အများကြီးမူတည်နေကြောင်း၊ ယနေ့ နိုင်ငံတိုင်းသည် ကိုယ့်တိုင်းပြည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ပညာတတ်များ၊ လူငယ် လူကောင်း လူတော်များကို အပြိုင်အဆိုင်မွေးမြူနေကြကြောင်း၊ မောင်တို့မယ်တို့ကို လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနေခြင်းသည် တိုင်းပြည်အတွက်ဖြစ်သည်ဆိုသည်ကို သဘောပေါက်နားလည်ခံယူပြီး တော်သည်ထက်ပိုတော်အောင်၊ ကောင်းသည်

●ပုသိမ်မှ

ကံကြီးဒေါင့်မြို့နယ် ပုသိမ်-ငပုတောလမ်း မိုင်တိုင်အမှတ်(၁၂/၀)၌ တည်ရှိပြီး တံတားအရှည်ပေ ၁၈၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွား၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီ ပါရှိ၍ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်နှင့် ချဉ်းကပ်တံတား သံကူကွန်ကရစ်၊ ပင်မတံတား Plate Girder , Steel Truss နှင့် သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားကာ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၂၁၅ ပေ၊ အမြင့် ပေ ၄၀ ရှိပြီး တံတားခံနိုင်ဝန်မှာယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ဆိုင်ရာမဲဆန္ဒနယ်များ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်...

နေပြည်တော်...

မဲပေးခြင်းနှင့် စပ်လျဉ်းပြီး အသိပညာပေးမှုလုပ်... လူမျိုးများ၏ ဘာသာစကားဖြင့် ပညာပေးမှုလုပ်ငန်းမျ... ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်... ရာမှာ ပယ်မဲမဖြစ်စေရန် ခိုင်လုံသည့် ဆန္ဒမဲပေးနိုင်... မဲဆန္ဒရှင်များအား အသိပညာပေးမှုများကို ဆောင်ရွ... ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ယင်းကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် တာဝန်နှင့် လုပ်ပိုင်ခွင့် (၁၃)ရပ် သတ်မှတ်ပြဋ္ဌာန်းပေးထားသည့်အနက် အဓိကကျသည့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းသွားမှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

ရွေးကောက်ပွဲများ ကျင်းပပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ချက်များကို

တိုင်းဒေသကြီ...
ကော်မရှင်အဖွဲ့...
အဖွဲ့အစည်းမ...
ဆွေးနွေးပွဲများ...
ထိုထဲတွင် အဓိ...
များမှာ မဲစာရင်...
လွှတ်တော်ကိုယ်...
မဲဆွယ်စည်းရုံး...
မဲဆန္ဒရှင်များအ...
တို့တွင် အားနည်း...
လေ့လာတွေ့ရှိ...
ယခုဆိုလျှင်...
တမ်းတစ်ခုအ...
များ ကျင်းပခဲ့...
ခဲ့ပြီဖြစ်ပြီး လ...
ပုံမှန်သက်တ...
ပါတီစုံဒီမိုက...
ကောက်ပွဲများ...
နှစ်ကုန်ပိုင်း...
ပေးရန်ရှိနေပါ...
ရွေးကောက်ပွဲ...
လွှတ်လပ်ပြီး...
ရွေးကောက်ပွဲကို...
နိုင်ရေးအတွက်...
မဲစာရင်များရ...
မဲပေးခွင့်ရှိသူ...
ရေတွက်ခြင်း၊...
လှယ်လောင်းမ...
ရာတွင် လုံ...
ကာလနှင့် လို...
သတ်မှတ်ချက်မ...
များအပါအဝင်...

✱ အလုပ်အကိုင်မှ

သန့်ရှင်းလတ်ဆတ်သော တစ်လက်မအရွယ် ... အခေါ် ဘောင်းဂျေးငါး) အတုံးလေးများကို ကဏ... တစ်နေ့လျှင် တစ်တုံးနှုန်း နေ့စဉ်ကျွေးမွေးရသည်။

မွေးမြူထားသောကဏန်းများ အရေခွံလဲခြင်းရှိ... ရှိကဏန်းခြင်းတစ်ခြင်းစီကို တစ်နာရီခွဲတစ်ကြိမ် နေ့... စစ်ဆေးပါသည်။

ကဏန်းများသည် ကြီးထွားရန်အရေခွံလဲကြသ... ကဏန်းသည် အများအားဖြင့် ရက် ၄၀ မှ ၆၀ အတွင်... သည်။ အရေခွံလဲပြီးသော ကဏန်းပျော့များကို အရေခွံ... ရေချိုတွင်စိမ်ပြီး ယာယီထိန်းသိမ်းခန်း (O2 Room) သို့ပို့...

ထို့နောက်အဆိုပါကဏန်းပျော့များကို (Clori... Treatment ပေးထားသော ရေချိုရေသန့်တွင် မိနစ် ... ထို့နောက်ပလတ်စတစ်ဗန်းထဲတွင် ၂၅ ကောင်စီ စီ... ပိုင်းဖြင့်အုပ်ကာ ထိန်းသိမ်းထားရပြန်သည်။ ကဏန်... သော ကဏန်းဗန်းများကို အအေးခန်းစက်ရုံသို့ ၂ နာရီ... ပေးပို့ထုပ်ပိုးသည်။ ပထောက်ပထက်ကဏန်းပျော့ကု... ကဏန်းပျော့ကုန်ချော ၃၅ တန်မှ တန် ၅၀ အထိ ထု... ကဏန်းပျော့ကန်တွင် လုပ်သား ၅၀၀ ကျော်၊ ကဏန်းဖမ်း... အအေးခန်းစက်ရုံတွင် ကဏန်းပျော့ဌာနစိတ်တစ်ခု... ၁၀၀ ကျော် စုစုပေါင်း လုပ်သား ၁၀၀၀ ခန့်ကို အလုပ်... ရရှိစေခဲ့ပြီး ကဏန်းပျော့ထုတ်လုပ်မှုမှ ပထော်ပထက်... သည် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃... သန်းအထိ ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့...

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပ... မွေးမြူထုတ်လုပ်လျက်ရှိသော ကဏန်းပျော့(Soft Shell... လုပ်ငန်းသည် ဒေသခံကဏန်းလုပ်သားများအား အလုပ်... ရရှိစေသည့်အပြင် ဒေသတွင်းဝင်ငွေ၊ နိုင်ငံတော်... ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားတင်ပြအပ်...

သက်ဆိုင်ရာမဲဆန္ဒနယ်များ၏ မဲစာရင်းများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းပါဝင်ရန်မှာ အထူးအရေးကြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၈

မဲပေးခြင်းနှင့် စပ်လျဉ်းပြီး အသိပညာပေးမှုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကားဖြင့် ပညာပေးမှုလုပ်ငန်းများဆောင်ရွက်ရန် ကော်မရှင်က စီစဉ်ထားကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် တိုင်းရင်းသားမဲဆန္ဒရှင်များ မဲပေး ရာမှာ ပယ်မဲမဖြစ်စေရန် ခိုင်လုံသည့် ဆန္ဒမဲပေးနိုင်စေရေးအတွက် တိုင်းရင်းသားစာပေများဖြင့် တိုင်းရင်းသား မဲဆန္ဒရှင်များအား အသိပညာပေးမှုများကို ဆောင်ရွက်သွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ယင်း ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကားပြောကြား သည်။

ထိုသို့ပြောကြားရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၉ နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေပုဒ်မ ၁၀ တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော် မရှင်အတွက် တာဝန်နှင့် လုပ်ပိုင်ခွင့် (၁၃)ရပ် သတ်မှတ်ပြဋ္ဌာန်းပေးထား သည့်အနက် အဓိကကျသည့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပ ခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံ တင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေး ပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ် ခြင်းနှင့် ကြီးကြပ်စေခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းသွားမှာဖြစ် ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ဆိုင်ရာ ပြန်လည်သုံးသပ်ချက်များကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း၊ ထိုထဲတွင် အဓိကကျသည့် အချက် များမှာ မဲစာရင်းပြုစုခြင်း၊ ကြိုတင်မဲ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးမှု၊ မဲပေးခြင်းနှင့် မဲဆန္ဒရှင်များအား အသိပညာပေးမှု တို့တွင် အားနည်းနေသေးကြောင်းကို လေ့လာတွေ့ရှိရကြောင်း။

ယခုဆိုလျှင် ပုံမှန်လွှတ်တော်သက် တမ်းတစ်ခုအတွက် ရွေးကောက်ပွဲ များ ကျင်းပခဲ့သည်မှာ နှစ်နှစ်ကျော် ခဲ့ပြီဖြစ်ပြီး လာမည့် လွှတ်တော် ပုံမှန်သက်တမ်းတစ်ရပ် အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲများကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ကျင်းပ ပေးရန်ရှိနေပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိရေး၊ ကြိုတင်ဆန္ဒ မဲပေးခွင့်ရှိသူနှင့် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း၊ လွှတ်တော်ကိုယ်စား လှယ်လောင်းများ မဲဆွယ်စည်းရုံး ရာတွင် လိုလောက်သော အချိန် ကာလနှင့် လိုအပ်သော စည်းကမ်း သတ်မှတ်ချက်များနှင့် တိုင်းရင်းသား များအပါအဝင် နိုင်ငံသားများအားလုံး မဲပေးရာတွင် ခိုင်လုံသောဆန္ဒမဲဖြစ်စေ ရေးအတွက် အသိပညာပေးလုပ်ငန်း များကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန် ကြိုတင်ဆောင် ရွက်နေပြီဖြစ်ကြောင်း၊ ပြည့်စုံ မှန်ကန်သည့် မဲစာရင်းရရှိမှသာ ရွေးကောက်ပွဲ ကျင်းပပြီးသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၁ နှင့်အညီ မဲပေးနိုင်သော အခွင့်အရေးရရှိမှာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည် စာရင်းပါဝင်ရန်မှာ အထူးအရေး ကြီးကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး ပါဝင်သည့် ပြည့်စုံမှန်ကန် သော မဲစာရင်းရရှိရေးအတွက် စမ်းသပ်မဲစာရင်း ကောက်ယူရေး လုပ်ငန်းကို ဆောင်ရွက်ရန် စီစဉ် လျက်ရှိကြောင်း။

ပြည့်စုံမှန်ကန်သည့် မဲစာရင်း ရရှိရန်ဆိုပါက ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာ တာဝန်ရှိသည် မှန်သော်လည်း မဲ ဆန္ဒရှင်များ၊ ရွေးကောက်ပွဲဝင်ပါတီ များကလည်း ပူးပေါင်းဆောင်ရွက် မှသာ ပြည့်စုံမှန်ကန်သည့် မဲစာရင်း ရရှိမှာဖြစ်ကြောင်း။

ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ၊ ကြိုတင် ဆန္ဒမဲများ ရေတွက်ခြင်းကိုလည်း လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် အညီ လာမည့်ရွေးကောက်ပွဲတွင် အများပြည်သူများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ သိရှိနိုင်ရန် ပုံစံ ဇယားများဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်၍ ကြိုတင်မဲနှင့်ပတ်သက်ပြီး စစ်ဆေးကြပ်မတ်နိုင်အောင် ပွင့်လင်း မြင်သာစွာ ထုတ်ပြန်ပေးမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ အနေဖြင့်လည်း ဥပဒေနှင့်အညီ ထောက်ပြနိုင်ရန် ဥပဒေကို သေချာစွာ လေ့လာထား စေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း များ မဲဆွယ်စည်းရုံးခြင်းနှင့် စပ်လျဉ်း ပြီး ကော်မရှင်၏ လေ့လာတွေ့ရှိချက် အရ ယခင်က ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည့် လွှတ် တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ကြေညာသည့်နေ့ မှစပြီး ရွေးကောက်ပွဲမတိုင်မီ တစ်ရက် အထိ မဲဆွယ်စည်းရုံးခွင့်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း များ စုဝေးဟောပြောခွင့်၊ မဲဆွယ် စည်းရုံးခွင့်နှင့် စပ်လျဉ်းပြီး လိုက်နာ ရမည့် နည်းလမ်းများကို ကြေညာ ချက်အမှတ် (၉၁/၂၀၁၀) ဖြင့် ထုတ်ပြန် ကြေညာခဲ့ပါကြောင်း၊ သို့သော်အချို့ပါတီများက သတ်မှတ် ထားသည့် စည်းမျဉ်း စည်းကမ်းများ နှင့်အညီ မဆောင်ရွက်သည်ကို တွေ့ရပါကြောင်း၊ ယခုအချိန်တွင် မဲဆွယ်စည်းရုံးသည့် အချိန်ကို လိုအပ် သလောက်သာ သတ်မှတ်ပေးပြီး မဲဆွယ်မှုဆိုင်ရာစည်းကမ်းသတ်မှတ် ချက်များကို သက်ဆိုင်ရာ နိုင်ငံရေး ပါတီများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က တာဝန်ရှိပုဂ္ဂိုလ်များ၏ သဘောထား အကြံဉာဏ်များ ရယူပြီး ကော်မရှင်က ညွှန်ကြားချက်အသစ် ရေးဆွဲထုတ်ပြန်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံရေးပါတီ ၅၆ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါ ကြောင်း၊ နိုင်ငံရေးပါတီများသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံ ကျင့်သုံးသော နိုင်ငံရေးအင်အားစု များဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ပြည်သူတို့နှင့် သက်ဆိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများတွင် ပညာပေးခြင်း၊ ဆွေးနွေးညှိနှိုင်းပေးခြင်း၊ ဖြေရှင်း ပေးခြင်း၊ သဘောထားရပ်တည်ချက် ထုတ်ဖော် ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြရပါကြောင်း၊ နိုင်ငံ ရေးပါတီများအနေဖြင့် မိမိတို့ လုပ်ဆောင်လိုသည့်ရေးရာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲ ဥပဒေများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေး ကို ထိခိုက်မှုမရှိဘဲ တည်ဆဲဥပဒေ များနှင့်အညီ ဆောင်ရွက်သည့်ကိစ္စ များဖြစ်ပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း များနှင့် ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီ ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲ ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ် လျဉ်း၍ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✱ အလုပ်အကိုင်မှ

သန့်ရှင်းလတ်ဆတ်သော တစ်လက်မအရွယ် Sardine ငါး (ဒေသ အခေါ် ဘောင်းဂျေးငါး) အတုံးလေးများကို ကဏန်းခြင်းတစ်လုံးစီတွင် တစ်နေ့လျှင် တစ်တုံးနှုန်း နေ့စဉ်ကျွေးမွေးရသည်။

မွေးမြူထားသောကဏန်းများ အရေခွံလဲခြင်းရှိ/မရှိ ဖောင်များပေါ် ရှိကဏန်းခြင်းတစ်ခြင်းစီကို တစ်နာရီခွဲတစ်ကြိမ် နေ့ည ၁၆ ကြိမ်ကြည့်ရှု စစ်ဆေးပါသည်။

ကဏန်းများသည် ကြီးထွားရန်အရေခွံလဲကြသည်။ အရွယ်ရောက်ပြီး ကဏန်းသည် အများအားဖြင့် ရက် ၄၀ မှ ၆၀ အတွင်း တစ်ကြိမ်အရေခွံလဲ သည်။ အရေခွံလဲပြီးသော ကဏန်းပျော့များကို အရေခွံပြန်မာမသွားအောင် ရေချိုတွင်စိမ်ပြီး ယာယီထိန်းသိမ်းခန်း (O2 Room) သို့ပို့ဆောင်ထိန်းသိမ်းသည်။

ထို့နောက်အဆိုပါကဏန်းပျော့များကို (Clorine 15 ppm) ဖြင့် Treatment ပေးထားသော ရေချိုရေသန့်တွင် မိနစ် ၃၀ ခန့် စိမ်ရပါသည်။ ထို့နောက်ပလတ်စတစ်ဗန်းထဲတွင် ၂၅ ကောင်စီ စီထည့်ပြီး ရေစိုအဝတ် ပိုင်းဖြင့်အုပ်ကာ ထိန်းသိမ်းထားရပြန်သည်။ ကဏန်းပျော့ကန်မှ ရရှိလာ သော ကဏန်းဗန်းများကို အအေးခန်းစက်ရုံသို့ ၂ နာရီလျှင် တစ်ကြိမ်နှုန်းဖြင့် ပေးပို့ထုပ်ပိုးသည်။ ပထောက်ပထက်ကဏန်းပျော့ကုမ္ပဏီမှ တစ်လလျှင် ကဏန်းပျော့ကုန်ချော ၃၅ တန်မှ တန် ၅၀ အထိ ထုတ်လုပ်လျက်ရှိသည်။ ကဏန်းပျော့ကန်တွင် လုပ်သား ၅၀၀ ကျော်၊ ကဏန်းဖမ်းလုပ်သား ၃၀၀ ကျော်၊ အအေးခန်းစက်ရုံတွင် ကဏန်းပျော့ဌာနစိတ်တစ်ခုတည်းတွင် လုပ်သား ၁၀၀ ကျော် စုစုပေါင်း လုပ်သား ၁၀၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခဲ့ပြီး ကဏန်းပျော့ထုတ်လုပ်မှုမှ ပထော်ပထက်ကျွန်း စက်ရုံကုမ္ပဏီ သည် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းမှ ၁ ဒသမ ၉ သန်းအထိ ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပထော်ပထက်ကျွန်းတွင် မွေးမြူထုတ်လုပ်လျက်ရှိသော ကဏန်းပျော့(Soft Shell Crab) ထုတ်လုပ်ရေး လုပ်ငန်းသည် ဒေသခံကဏန်းလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်း ရရှိစေသည့်အပြင် ဒေသတွင်းဝင်ငွေ၊ နိုင်ငံတော်ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ဖောက်ထွင်းဝင်ရောက်သူ အိမ်ရှင်အမျိုးသမီးလုံးထွေးဖမ်းဆီး

သုံးခွ မေ ၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွ မြို့နယ် ကံမြင့်ကျေးရွာတွင် မေ ၄ ရက် နံနက် ၄ နာရီက ကိုစန်းသွင်-မဇင်မာလွင်တို့၏ နေအိမ်အတွင်းသို့ လူငယ်တစ်ဦးဖောက်ထွင်းဝင်ရောက် ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၎င်းလူငယ်သည်မေ ၄ ရက် နံနက် ၄ နာရီခန့်က ကိုစန်းသွင်-မဇင်မာလွင်တို့၏ နေအိမ် ဈေးဆိုင်တံခါးအား အပြင်မှ လက်ဖြင့် နှိုက်ပြီး ဂျက်ဖြုတ်၍ နေအိမ်ဈေးဆိုင် အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဈေး ရောင်းကောင်တာရှိ စားပွဲအံဆွဲ သော့အား ၎င်းပါလာသော သော့ ၁၀ ချောင်းဖြင့်ဖွင့်ရာ မရသဖြင့် ယင်းဈေးဆိုင် မီးဖိုချောင်မှ အရှည် ငါး လက်မခန့်ရှိ အသားလှီးဓားဖြင့် ကလန့်၍ ဖွင့်စဉ် အိမ်ရှင်လင်မယား မှ နိုး၍ သိရှိသည်။ ၎င်းလူငယ်ထံမှ ဓားကို လုရာလုံးထွေးပြီး ၎င်းလူငယ် ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အိမ်ရှင်အမျိုးသားမှာ ကောင်တာရှိ စားပွဲပေါ်မှ တွေ့ရှိသော ပုလင်းနှင့် အရိုက်ခံရသဖြင့် ဝဲဘက်မျက်ခုံ အထက် ပေါက်ပြဲဒဏ်ရာတစ်ချက် (ခြောက်ချက်ချုပ်ရ)၊ ညာဘက် လက်မောင်းတွင် သွားကိုက် ဒဏ်ရာနှစ်ချက်ရပြီး အိမ်ရှင်အမျိုး သမီးမှာ ဝမ်းဗိုက်သွားကိုက်ဒဏ်ရာ တစ်ချက်၊ ညာဘက်လက်ခလယ် ပြတ်ရှဒဏ်ရာ တစ်ချက်ရရှိပြီးနောက် ပတ်ဝန်းကျင်မှ အခြားလူများ ရောက်ရှိလာပြီး ဖမ်းဆီးစစ်ဆေးရာ ၎င်းလူငယ်မှာ သန်းနိုင်စိုး(ခ) ငစိုး(၂၃)နှစ် ကျပန်းလုပ်ကိုင်သူ ဖြစ်ကြောင်း သိရှိရပြီး ၎င်းအား ရဲစခန်းသို့ ပို့၍သုံးခွရဲစခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ခြင်ဆေးခွေထွန်းရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွား

ဆီဆိုင် မေ ၈

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ ကုန်စုံ ဆိုင်တွင် ခြင်ဆေးခွေထွန်းရာမှ မီး လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ မေ ၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးထွက် ကုမ္ပာ (၅၆)နှစ် (ရောင်း/ဝယ်)၏ ကုန်စုံဆိုင်တွင် ခြင်ဆေးခွေထွန်းရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ထွေ/ အုပ်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်သူလူထုတို့က မီးသတ်ကား နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မေ ၇ ရက် နံနက် ၀၀း၀၅ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင် ကျွမ်းမှုကြောင့် သွပ်မိုး၊ အုတ်ကာ (၉×၉) ပေပတ်လည် သုံးခန်း၊ ကွန် ကရစ်ခင်း (ပုဂ္ဂလိက) ပျက်စီးဆုံးရှုံးခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် မီးပေါ့ဆသူ ဦးထွက်ကုမ္ပာ အား ဆီဆိုင်ရဲတပ်ဖွဲ့မှ (ပ)၃၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အရေးယူထားကြောင်း သိရ သည်။

စိုင်းတင်ဦး (ရှမ်း/တောင်)

အညာနွေပူကြောင့် သေဆုံးမှုရှိ

နွားထိုးကြီး မေ ၈

အညာမှာနွေနေပူရှိန်ပြင်းလာ၍ ကျောင်းကန်ဇရပ်၊ သစ်ပင်ကြီးများ အောက် အပူဒဏ်ခံရန် အရိပ် ခိုသူများပြီးအချို့အပူရှပ်၍ သေဆုံးမှု ရှိနေသည်။ နေပူပြင်း၍ ရောဂါ သည်များ ပျက်စီးမှုများနေသည်။

မေ ၆ ရက်က နွားထိုးကြီးအမှတ် (၄)ရပ်ကွက်နေ ဒေါ်ဦး(၄၅)နှစ် သည် ထန်းလျက်ကျိုချက်အပြီး ရေချိုး၍ ရေဖျန်းသည့်ဖျာတွင် အိပ် ရာမှ အပူရှပ် သေဆုံးသွားသည်ဆို၏။ အလားတူပင် မြို့ပေါ် (၈)ရပ်ကွက်မှ မတ်လ အတွင်း လူ ၂၀ ကျော်နာ ရေးပို့ရပြီး ယခု မေ လဆန်းအတွင်း တစ်နေ့နှစ်ယောက်နှုန်း နာရေးကူညီ မှုရှိနေကြောင်း ဦးစိုးမြင့် (မေတ္တာမွန် နာရေးအသင်း)က ပြောသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

❖ ၂၀၁၃ ခုနှစ်မှ

ရန်ကုန်တိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုနိုင်ပြီး ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်သာရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား မြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၆၀ စင်တီမီတာ(နှစ်ပေခန့်)၊ မန္တလေး မြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၅ စင်တီမီတာ (၁-ပေခွဲခန့်)နှင့် ချောက်မြို့၊ မင်းဘူး မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃၀ စင်တီမီတာ (၁-ပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၄၅ စင်တီမီတာ (၁-ပေခွဲခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိ ရေမှတ်များ၏ အထက်မြင့်တက် လာနိုင်သည်။

ပြည်ထောင်စုဖွားတိုင်းရင်းသား တားဆီးကာကွယ်မီးရန်စွယ်

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေး ပထမအကြိမ် ဆက်သွယ်ရေးအရာရှိများ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၈

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် ပထမအကြိမ် ဆက်သွယ်ရေးအရာရှိများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော် တက်ရောက်အမှာစကား ပြောကြားရာတွင် ၂၀၁၄ ခုနှစ်သည် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာ၌ အရေးကြီးသောနှစ်တစ်နှစ်ဖြစ်၍ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ၊ ဝန်ကြီးဌာနအလိုက်ကျင်းပမည့် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီးကြောင်း၊ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆက်သွယ်ရေးအရာရှိများသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဆက်သွယ်ရေးအရာရှိများမှတစ်ဆင့် မိမိတို့နိုင်ငံနှင့်လူမျိုး၏ ကောင်းမွန်သောပုံရိပ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြသနိုင်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးအရာရှိများသည် မိမိတို့အား တာဝန်ပေးအပ်သော ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအား အသေးစိတ်နှင့် ကျေညက်စွာသိရှိရန်လိုအပ်သကဲ့သို့ အစည်းအဝေး အစီအစဉ်၊ အစည်းအဝေးကျင်းပမည့် ခန်းမများဆိုင်ရာ ဗဟုသုတများအား အသေးစိတ်ကြိုတင်လေ့လာထားရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ အလုပ်တာဝန်များကို ပိုမိုကောင်းမွန်ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်သွယ်ရေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်သည့် အရာရှိများအား ယနေ့မှစတင်၍ နှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှု၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ၊ သံတမန်များ၏ ဓလေ့ထုံးစံ၊ ခေတ်မီလျှပ်စစ်ကိရိယာများ အသုံးပြုခြင်း၊ နိုင်ငံတော်အကြီးအကဲများ၏ အထူးလေယာဉ်များ ဆိုက်ကပ်ရပ်နားခြင်းဆိုင်ရာ ဗဟုသုတ၊ အစည်းအဝေး ကျင်းပခြင်းဆိုင်ရာဗဟုသုတများအား သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းသင်တန်းသို့ သင်တန်းသား ၇၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်း

ကသာ မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အပိုင်း(၃)ဘုရားသုံးဆူလမ်းတွင် မေ ၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် တောမီးမှတစ်ဆင့် မီးကူးစက်၍ အနီးချောက်ကမ်းပါးရှိ ဦးဖိုးသား၏ သက်ငယ်မိုး၊ ထရံကာ တစ်ထပ်အိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးသည် ဆက်လက်၍အနီးရှိခြံချင်းကပ်လျက် ဦးသန်းအောင်၏ သွပ်မိုး၊ ထရံကာ၊ တစ်ထပ်အိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ညနေ ၃ နာရီ ၂၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၅-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်		(ပထမပိုင်း) (လွင်မိုး၊ ဇင်ဝိုင်း၊ ခိုင်သင်းကြည်)
၆း၃၅	ပြည်သူ့နီတိ “တွန်း”		(ဒါရိုက်တာ-ညိုမင်းလွင်)
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ	၁း၀၀	ပြည်တွင်းသတင်း
၇း၅၀	ခါသကြာ်နှင့်အဆိုအကများ	၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (မြန်မာစာ)
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း		
၁၁း၀၀	ရယ်စရာတစ်ကွက်စာ		
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း	၆း၂၀	ဆိုလိုက်ကြစို့
		၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅	ဗီဒီယိုဇာတ်လမ်း “ရင်ခုန်သံနှစ်ပိုင်းတစ်ပိုင်း”	၈း၄၀	ပြည်သူ့နီတိ “တွန်း”

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် မေ ၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Zawtika Offshore Pipeline Construction Project လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ Spool Installation လုပ်ငန်းကို MV SEAMEC PRINCESS နှင့် MV DA VINCI တို့ဖြင့် မေ ၈ ရက်မှ မေ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Zawtika Offshore Pipeline Construction Project တွင် Spool Installation လုပ်ငန်းများဆောင်ရွက်မည့် ZPQ Location မှာ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၈၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၇ ဒသမ ၀၄ စက္ကန့်တွင်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Zawtika Offshore Pipeline Construction Project ဆောင်ရွက်လျက်ရှိသော လုပ်ငန်း၌ Spool Installation လုပ်ငန်းများကို MV SEAMEC PRINCESS နှင့် MV DA VINCI တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

မုံရွာသင်္ကြန်တွင် ယာဉ်အလှ၊ ယာဉ်သီချင်းပြိုင်ပွဲများ ရပ်ကွက်နှင့် မြို့နယ်အဆင့်ဟူ၍ ကဏ္ဍာ နှစ်ရပ်ခွဲ ကျင်းပရန် စီစဉ်

မုံရွာ မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗိုလ်ချုပ်လမ်းမပေါ်တွင် မတ်လကုန်ပိုင်းမှစတင်၍ တည်ဆောက်လျက်ရှိရာ မေ ၆ ရက်တွင် ရာခိုင်နှုန်း ၅၀ ခန့် သစ်သားအကြမ်းထည် တည်ဆောက်ပြီးစီးနေပြီဖြစ်သကဲ့သို့ မုံရွာမြို့နာရီစင်အနီးတွင် ပြည်ထဲရေးမိသားစု မဏ္ဍပ်ကို လည်းကောင်း၊ ဒေါနခြံရပ် ဗိုလ်ချုပ်လမ်းပေါ်တွင် ရတနာသစ်မဏ္ဍပ်ကိုလည်းကောင်း၊ လျှပ်စစ်ရုံးရှေ့တွင် လျှပ်စစ်မဏ္ဍပ်၊ ဆည်မြောင်းရုံးရှေ့တွင် လယ်/ဆည်မဏ္ဍပ်၊ ချင်းတွင်းရတနာဈေးရှေ့တွင် စည်ပင်သာယာမဏ္ဍပ်၊ ကျောက်ဆောင်ဆိပ်ကမ်းနားလမ်းထောင့်တွင် ဆောက်လုပ်ရေးမဏ္ဍပ်နှင့် ဗိုလ်ချုပ်လမ်း ပြာသာဒ်ကျောင်းရှေ့တွင် အခွန်ဘဏ္ဍာနှင့် လူမှုရေးမဏ္ဍပ်များကိုလည်း တည်ဆောက်လျက်ရှိနေပြီဖြစ်သည်။

ယခုနှစ် မဟာသင်္ကြန်ကာလတွင် မဏ္ဍပ်အလှဆု၊ ယာဉ်အကဆု၊ ယာဉ်သီချင်းဆု၊ မဏ္ဍပ်အကဆုများကို နှစ်စဉ်အတိုင်း ကျင်းပရန် စီစဉ်ထားပြီး ယာဉ်အလှနှင့် ယာဉ်သီချင်းပြိုင်ပွဲအတွက် ယခုနှစ်မှစ၍ ရပ်ကွက်ယာဉ်အလှ၊ ယာဉ်သီချင်းပြိုင်ပွဲနှင့် မြို့နယ်ယာဉ်အလှ၊ ယာဉ်သီချင်းပြိုင်ပွဲဟူ၍ ကဏ္ဍနှစ်ရပ်ခွဲ၍ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။ ရပ်ကွက်ယာဉ်အလှ၊ ယာဉ်သီချင်းပြိုင်ပွဲဝင်များအဖြစ် ပိတောက်လမ်းက သီချင်းသည်၊ အသခ်ရာလုလင်၊ ကာဒိုင်း၊ နွေဦးအလင်္ကာ၊ ပန်ရသ၊ နွေကြိုငှက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြို့နယ်ယာဉ်အလှ၊ ယာဉ်သီချင်းပြိုင်ပွဲတွင် စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ရေဦးမြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် မုံရွာမြို့နယ်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် ပထမဆုခုနစ်ဆုအတွက် ကျပ် လေးသိန်းစီ၊ ဒုတိယဆု ခုနစ်ဆုအတွက် ငွေကျပ်သုံးသိန်းစီ၊ တတိယဆု ခုနစ်ဆုအတွက် ကျပ်နှစ်သိန်းစီနှင့် ယှဉ်ပြိုင်ဆု ၁၀ ဆုအဖြစ် ငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

လူသွားပလက်ဖောင်းများ ပျောက်နေ

ရန်ကုန် မေ ၈

လမ်းဆုံမီးပွိုင့်တွင် သတ်မှတ်ဂိတ်မဟုတ်သော်လည်း တရားဝင်ဂိတ်သဖွယ်ရပ်တန့်ဂိတ်ထိုးထားသော ဆိုင်ကယ်များ၊ အနေ့းယာဉ်များနှင့်ပုံကျဈေးသည်များနေရာယူထားခြင်းကြောင့် လူသွားလမ်းမရှိ ဖြစ်နေသည့် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးခြောက်ကွေ့၌ ယာဉ်သွားလမ်းပေါ်မှ သွားလာနေကြရသော ပြည်သူများ အသက်ဘေးအန္တရာယ်ကင်းဝေးစေရန်၊ ယာဉ်ကြည့်၊ ဆိုင်ကယ်ကြည့်၊ အနေ့းယာဉ်ကြည့်၊ ပုံကျဈေးတန်းကြည့်၍ သတိဖြင့် နေ့စဉ်သွားလာနေကြရသည်ဟု ယာဉ်သွားလမ်းပေါ်မှ ဖြတ်သန်းသွားလာနေကြသော ပြည်သူများထံမှ ပြောဆိုသံများ ထွက်ပေါ်လာသည်။

ထိုထွက်ပေါ်လာသည့်ဖြစ်စဉ်နှင့်တစ်ထပ်တည်းကျဆောင်ရွက်မှုမရှိခင်ကြား သက်ဆိုင်ရာဌာနများအနေဖြင့် သစ်မရခင်ဝါးဖောင်ကွပ်ပေးရန် လိုအပ်နေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။**(အပေါ်ပုံ)** **(ထွန်းဝင်း)**

မိတ္ထီလာမြို့ ပုဂ္ဂလိကဘဏ်များ ငွေထုတ်ငွေလွှဲပြုလုပ်သူများဖြင့် စည်ကား

မိတ္ထီလာ မေ ၈

မိတ္ထီလာမြို့ရှိ ပုဂ္ဂလိကဘဏ်များတွင် ဘဏ်ဖွင့်လှစ်သည့်ရက်များဖြစ်သည့် ဘဏ်များတွင် ငွေထုတ် ငွေလွှဲပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မိတ္ထီလာတွင် ကမ္ဘောဇဘဏ်(၁)၊ (၂)၊ ရိုးမဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ အင်းဝဘဏ်များအပြင် အမရာဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်များကို ဆက်လက်ဖွင့်လှစ်ရန် အဆောက်အအုံများ တည်ဆောက်လျက်ရှိသည်။ အဆိုပါဘဏ်များဖွင့်လှစ်ပြီးစီးပါက ဒေသခံများ၊ ခရီးသွားပြည်သူများ၏ ငွေထုတ်ငွေလွှဲလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့မြန်ဆန်စွာ ပြုလုပ်နိုင်တော့မည့်အပြင် ဒေသခံပညာတတ် လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၇၇၉)**

လေသင်တုန်းဖြတ်ခြင်းမှ ကင်းဝေးစေရန် ပိုတက်စီယမ်ဓာတ်ပါသော သီးနှံများ စားသုံးသင့်

လေသင်တုန်းဖြတ်ခြင်း ဖြစ်ပေါ်စေရန် အလေးပေးသည့် သွေးပေါင်ချိန်မြင့်တက်မှု ဖြစ်ပေါ်စေရန် အားပေးအားမြှောက်ပြုသော ဆားဓာတ်ပမာဏကို လျှော့ချဖြတ်တောက်ပေးနိုင်ရေးအတွက် ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သော အသီးအနှံများကို တိုးမြှင့်စားသုံးခြင်းဖြင့် လေသင်တုန်းဖြတ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ်၊ လန်ဒန်ကောလိပ်နှင့် ဝါးဝစ်ခ်ဆေးသိပ္ပံကျောင်းများမှ သိပ္ပံပညာရှင်များက ဆိုသည်။

ပိုတက်စီယမ်ဓာတ်ကြွယ်ဝသော အသီးအနှံများကို ပုံမှန်ထက်အပိုဆောင်း၍ နေ့စဉ်စားသုံးပေးပါက ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း၊ အထူးသဖြင့် လေသင်တုန်းဖြတ်ခြင်းမှ အထိရောက်ဆုံး ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ဆိုသည်။

ထို့အပြင် ပိုတက်စီယမ်ကြွယ်ဝစွာပါဝင်သော အစားအစာများသည် သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်ရုံသာမက ကျောက်ကပ်၏လုပ်ဆောင်ပုံကို တိုးတက်ကောင်းမွန်စေပြီး ဟော်မုန်းဓာတ်ပြောင်းလဲဖြစ်ပေါ်မှုများကို ထိန်းချုပ်ပေးနိုင်စွမ်းရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

အရွယ်ရောက်ပြီးသူများအနေဖြင့် ပိုတက်စီယမ်ဓာတ်ကို တစ်နေ့လျှင် လေးဂရမ်ထက်ပိုမိုစားသုံးသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းအကြံပြုထားသည်။

အဆိုပါ သိပ္ပံပညာရှင်များသည် လူပေါင်း ၁၂၈၀၀၀ ကျော်ကို သုတေသနပြုလေ့လာမှု ၁၁ ကြိမ်ခန့် ပြုလုပ်ပြီးနောက် ယင်းသို့အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ပိုတက်စီယမ်ကြွယ်ဝသော အစားအစာများကို စားသုံးပေးခြင်းဖြင့် လေသင်တုန်းဖြတ်ခြင်းမှ ၂၄ ရာခိုင်နှုန်းကာကွယ်မှုပေးနိုင်ကြောင်း၊ ပိုတက်စီယမ်ကြွယ်ဝစွာ ပါဝင်သော သီးနှံများမှာ ငှက်ပျောသီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ သရက်သီး၊ ဘယ်ရီသီး အစရှိသော အရည်ရွှမ်းသည့် သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်စိမ်းများဖြစ်ကြောင်း ၎င်းတို့က ရှင်းလင်းပြောကြားခဲ့သည်။

ဟိန်းထက်လင်း

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဦးစည်သူအေးအောင်(Managing Director Asia Hi-Tech Group Co.,Ltd)နှင့် မဟေမာန်ကြည်သာတို့၏ ၉-၄-၂၀၁၃ရက်တွင်ကျရောက်သော ဒုတိယမြောက်မင်္ဂလာနှစ်ပတ်လည်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတု(ရတုအဆက်ဆက်) တိုင်အောင် ချစ်သောသမီးလေးနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Asia Hi-Techg Group မှဒါရိုက်တာများနှင့်ဝန်ထမ်းများ





မီး သတိပြု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်းအမှတ်(၃၈) B၊ အခန်း(၅) A၊ ၆လွှာတိုက်သို့မျက်နှာမူလျှင်ဘယ်ဘက်အခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဒေါ်ရီရီချို[၁၂/ဗဟန(နိုင်)၀၂၅၄၃၆](ဘ)ဦးလှိုင်ညွှန့်ထံမှ ဝယ်ယူရန်ကျွန်ုပ်တို့၏ မိတ်ဆွေများမှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံ၌ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သန်းလင်း(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၂)
အမှတ်၁၅၊ အခန်း(၃)ဒုတိယထပ်၊ ဆင်ရေတွင်း(၁)လမ်း၊ (၂)ရပ်ကွက်၊
ကမာရွတ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၇၁၆၉၈၀၊ ၀၉-၅၀၈၉၆၄၀

မိသားစုနှင့် အလုပ်အပေါ် အချိုးညီစွာ အချိန်ပေးထားခဲ့တဲ့ သရုပ်ဆောင် နစ်ကိုးလ်ကတ်ဒ်မင်းန်

အသက်(၄၅)နှစ်အရွယ်ရှိ ဩစတြေးလျ အဆိုတော်နှင့် သရုပ်ဆောင် နစ်ကိုးလ်ကတ်ဒ်မင်းန်က သူမဘဝတွင် အလုပ်အပေါ် ယုံကြည်မှုရှိခြင်း၊ မိသားစုအပေါ် အချိန်ပေးမှုနှင့်နွေးထွေးစွာဆက်ဆံမှုတို့ကို အချိုးညီစွာ ကျင့်သုံးနိုင်ခဲ့သဖြင့် မိမိကိုယ်မိမိ ကျေနပ်ပျော်ရွှင်မိပါကြောင်း ပြောကြားခဲ့သည်။

သရုပ်ဆောင် နစ်ကိုးလ်ကတ်ဒ်မင်းန်က သူမအတွက် စိတ်ပျော်ရွှင်စရာများကို စိတ်ကူးယဉ်ခြင်းနှင့် မိသားစုနှင့် ပျော်ရွှင်စွာနေထိုင်ခြင်းနည်းလမ်းတို့ဖြင့် ရှာဖွေပါကြောင်း၊ ထို့ပြင် သာမန်ထက်ထူးခြားသည့် ပုဂ္ဂိုလ်များထံမှ စိတ်သဘောထားများနှင့် အခြားသော မတူညီသည့် ဓလေ့စရိုက်များကို လေ့လာအတုယူခြင်းအားဖြင့် မိမိဘဝကို ပိုမိုပျော်ရွှင်သောဘဝတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်နေပါကြောင်းဖြင့် ဗြိတိန်နိုင်ငံထုတ် Hello ! မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ဆက်လက်၍ သရုပ်ဆောင် နစ်ကိုးလ်ကတ်ဒ်မင်းန်က သူမတွင် ခေါ်ယူမွေးစားထားသော သားသမီးလေးဦးရှိသည့်အကြောင်းနှင့် ပတ်သက်၍၊ "ကျွန်မမှာ သားသမီးကို ဝမ်းနဲ့လွယ်ပြီးမွေးခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ အတွေ့အကြုံတော့ မရှိပေမယ့် မတူညီတဲ့နည်းလမ်းတွေနဲ့ မိခင်တစ်ယောက်ဖြစ်လာခဲ့ရတဲ့အတွေ့အကြုံတော့ ကျွန်မမှာ အများကြီးရှိပါတယ်။ ကျွန်မ ဒီကလေးတွေကို စတင်မွေးစားကတည်းက သားသမီး အရင်းတွေလို့ပဲ သဘောထားပါတယ်၊ ကျွန်မရဲ့ ပျော်ရွှင်မှုတွေကို သူတို့လေးတွေဆီက အများဆုံးရတတ်ပါတယ်"ဟု နစ်ကိုးလ်ကတ်ဒ်မင်းန်က သူမ၏ သားသမီးများနှင့် ပတ်သက်ပြီး ခံစားချက်များကို အဆိုပါ မဂ္ဂဇင်းသို့ ပြောကြားခဲ့ကြောင်း သိရသည်။

တွမ်ခရုဇ်၏ သိပ္ပံဇာတ်ကားသစ် ဧပြီ ၁၁ ရက်တွင် တရုတ်နိုင်ငံ၌ စတင်ပြသမည်

နာမည်ကျော် ဟောလိဝုဒ်မင်းသား တွမ်ခရုဇ်နှင့် ပြင်သစ်မင်းသမီး Olga Kurylenko တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြသည့် Oblivion အမည်ရှိ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဧပြီ ၁၁ ရက်တွင် စတင်ပြသမည်ဖြစ်ရာ ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ဧပြီလ ၆ ရက်က မင်းသား တွမ်ခရုဇ်နှင့် မင်းသမီး Olga တို့က ရေခဲဖြင့်ထုလုပ်ထားသောပန်းပုလက်ရာများကို တူဖြင့်ထုကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြသည်။

Oblivion ဇာတ်ကားကို ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာအဖြစ် အမေရိကန်ဒါရိုက်တာ Joseph Kosinski က ပုံဖော်ပေးထားပြီး သရုပ်ဆောင် မော်ဂန်ဖရီးမင်းန်နှင့် ဗြိတိန်သရုပ်ဆောင် Andrea Riseborough တို့က ပါဝင်အားဖြည့်ပေးထားကြသည့် အဆိုပါဇာတ်ကားကို ဗြိတိန်နိုင်ငံ၏ရုပ်ရှင်ရုံများ၌ ဧပြီ ၁၀ ရက်တွင် စတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် တွမ်ခရုဇ်က ၂၀၇၇ ခုနှစ်တွင် ကမ္ဘာမြေကြီးအား အခြားဂြိုဟ်မှ နှစ်ပေါင်း ၆၀ ကြာ ဝင်ရောက်ကျူးကျော်တိုက်ခိုက်လျက်ရှိကြပြီး လူသားအဖြစ်တစ်ဦးတည်းကျန်ရစ်ခဲ့သူ မရိန်းတပ်သား ဂျက်ဟာပါအဖြစ် သရုပ်ဆောင်ထားပြီး ယင်းတပ်သားက မောင်းသူမဲ့ လေယာဉ်များကို ပြန်လည်ပြုပြင်ကာ ကောင်းကင်တွင် လှည့်ကင်းများအဖြစ်အသုံးပြုပြီး ကမ္ဘာကြီးအား မည်သို့မည်ပုံ ပြန်လည်ကယ်တင်မည်ကို စိတ်ဝင်စားစွာ ကြည့်ရှုရမည့် သိပ္ပံဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

ထို့ပြင် အဆိုပါဇာတ်ကားသည် ဒါရိုက်တာ Joseph Kosinski ၏ ရေးသားထုတ်ဝေခြင်းမပြုရသေးသည့် နာမည်တူ ဝတ္ထုကို ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ထားခြင်းဖြစ်ကြောင်း၊ ယင်းဇာတ်ကားကို မူလက ဇူလိုင် ၁၀ ရက်တွင် စတင်ဖြန့်ချိပြသရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါ ဧပြီ ၁၉ ရက်တွင် စတင်ဖြန့်ချိပြသရန်စီစဉ်ထားကြောင်း သိရသည်။

တရုတ်မင်းသမီး
Linda Chung

တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲအတွက်စိတ်လှုပ်ရှားလျက်ရှိနေတဲ့ တရုတ်သရုပ်ဆောင်နှင့် အဆိုတော် Linda Chung

၂၀၀၄ ခုနှစ်က Miss Chinese International ဆုရရှိခဲ့သူ တရုတ်မင်းသမီး Linda Chung က လာမည့် စက်တင်ဘာလတွင် ဟောင်ကောင်၌ ဂီတဖျော်ဖြေပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ်တွင် မလေးရှား၌ ဖျော်ဖြေပွဲကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

မင်းသမီး Linda Chung ၏ ၂၀၁၃ ခုနှစ်အတွင်း လှုပ်ရှားမည့် အနုပညာအစီအစဉ်များနှင့် စပ်လျဉ်း၍ ဇွန်လအတွင်းတွင် Tiger Cubs 2 ဇာတ်ကားကို စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာလတွင် သူမ ပါဝင်ရိုက်ကူးထားသော Brother's Keeper ဇာတ်ကားကို စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်းနှင့် ယင်းနှင့်တစ်ချိန်တည်းမှာပင် သူမ၏ဂီတဖျော်ဖြေပွဲများကိုလည်း ကျင်းပသွားရန်စီစဉ်ထားကြောင်း မင်းသမီး Linda Chung ၏အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Linda သည် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် သူမ၏တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲအတွက် အရမ်းစိတ်လှုပ်ရှားနေသော်လည်း ပရိသတ်ကြီးအတွက် အကောင်းဆုံးတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။ဆက်လက်ပြီး Linda က "မလေးရှားမှာရှိတဲ့ ကျွန်မကိုအားပေးနေတဲ့ပရိသတ်ကြီးက ကျွန်မရဲ့ဂီတဖျော်ဖြေပွဲကို စောင့်မျှော်နေမယ်ဆိုတာ သိပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းလောက်မှာ မလေးရှားမှာ ဂီတဖျော်ဖြေပွဲ ကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်"ဟု မလေးရှားနိုင်ငံတွင် ကျင်းပမည့် ဂီတဖျော်ဖြေပွဲနှင့်ပတ်သက်ပြီးပြောကြား ခဲ့သည်။ တရုတ် သရုပ်ဆောင်နှင့် Linda သည် ယခုအခါ သူမ၏တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲနှင့်ပတ်သက်ပြီး များစွာစိတ်လှုပ်ရှားလျက်ရှိပြီး အစောပိုင်းကတည်းက ယင်းဖျော်ဖြေပွဲကို သူမ၏ စတုတ္ထအယ်လ်ဘမ်ထွက်ရှိပြီးမှ ကျင်းပမည် ဟု သူမ၏ အေဂျင်စီက ကြေညာထားခဲ့ကြောင်းသိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

မြန်မာ-ဂါးမင်းရေလုပ်ငန်းလီမိတက်(ဖျက်သိမ်းဆဲ)
အအေးခန်းနှင့်ရေခဲစက်ရုံရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ-ဂါးမင်းရေလုပ်ငန်းလီမိတက်ပိုင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ စီလမ်း၌ တည်ရှိသော အအေးခန်းနှင့် ရေခဲစက်ရုံ (Running Condition) အား မျက်မြင် အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ဝယ်ယူလိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အအေးခန်းနှင့်ရေခဲစက်ရုံနှင့်ပတ်သက်သော အခြေခံအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အသေးစိတ်ပစ္စည်းစာရင်းကို တင်ဒါလျှောက်လွှာဝယ်ယူသည့်အချိန်တွင် ပူးတွဲပေးပါမည်။

- Main Factory Building (140'x138')
- Two-Storeyed Office Building (48'x 38')
- Water Ground Tank (20,000 gals) (8' 6" High)
- Water Overhead Tank (7,000 gals) (38' 6" High)
- Diesel Oil Storage Tank (10,000 gals) 120, H-12'
- Generator (Running Engine 198 kw) (2 Units)
- Compressor (4 Units)
- Waste Water Treatment Plant
- Contact Freezer (648 KG)
- Air Blast Freezer (2 Units)
- Cold Store Room (150 MT)
- Godown (90' x 30')

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) နေ့ရက် - ၉-၄-၂၀၁၃ ရက်မှ ၂၆-၄-၂၀၁၃ရက်အထိ
(ခ) အချိန် - နေ့စဉ် ရုံးဖွင့်ရက်များတွင် နံနက် ၁၀း၀၀နာရီမှ ၁၅း၃၀နာရီအထိ
(ဂ) နေရာ - အမှတ် ၂၁(G)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဃ) တင်ဒါလျှောက်လွှာတစ်စောင်နှုန်း - ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(င) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - အမှတ် ၂၁(G)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(စ) မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်စက်ရုံနေရာ - စီလမ်း၊ ကန်ကြီးရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
(ဆ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၂၉-၄-၂၀၁၃ရက် နံနက် ၁၀း၀၀နာရီ
(ဇ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၉-၄-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီ
(ဈ) ဆက်သွယ်စုံစမ်းရန်ဖုန်းနံပါတ်
- ၀၁-၅၂၆၃၂၇(ဒေါ်ခင်စုဌေး)
- ၀၉-၇၃၂၄၄၂၂၅(ဦးသန်းအောင်)
- ၀၉-၅၀၁၆၄၇၃ (ဦးသီဟ)
- ၀၁-၅၄၅၃၆၄ (Mr.Fu Yan Ho)

လေလံတင်ရောင်းချရေးအဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
Set-top Box များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှDigital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည်ဖြစ်၍ လိုအပ်သော DVB-T2 Set-top Box များကို နိုင်ငံခြားသုံးငွေ (USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) DVB-T2 Set-top Box(Free to Air) 1,000,000 Nos.

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၄-၂၀၁၃ရက်မှစတင်၍ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရုံးဖွင့်ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၅-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါလုပ်ငန်းအတွက် တင်ဒါပုံစံများဝယ်ယူအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

သီလဝါဆိပ်ကမ်းဒေသ မြေကွက်အမှတ်(၃)အား **BOT** စနစ်ဖြင့် ငှားရမ်းပြီး ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများတင်သွင်းဖြန့်ဖြူးရန် ဆိပ်ခံတံတားနှင့်သိုလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ရင်းနှီးမြှုပ်နှံမည့် လူပုဂ္ဂိုလ်/ သက်ဆိုင်ရာကုမ္ပဏီ/ အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူ ကသာ ဝယ်ယူခွင့်ရှိသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် USD 500 နှုန်းဖြင့် ၁၀-၄-၂၀၁၃ရက်နှင့် ၁၁-၄-၂၀၁၃ရက်များတွင် ရုံးချိန်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ မြေညီထပ်ရှိ စာရင်းဌာနတွင် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၂၅၃၃၃၅၈၊ ၀၁-၃၈၇၁၁၆ Ext- ၃၀၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဘောလုံးချစ်ပရိသတ်ကြီးအား MFF ဥက္ကဋ္ဌမှ ကျေးဇူးတင်စကားဆို

ရန်ကုန် မေ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အာဆီယံအကောင်းဆုံး ဘောလုံးအဖွဲ့ချုပ်ဆု ရရှိခဲ့ပြီးနောက် မြန်မာဘောလုံးချစ်ပရိသတ်ကြီးနှင့်ကျေးဇူးတင်ထိုက်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း themff.org မှ တစ်ဆင့် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဥက္ကဋ္ဌဦးဇော်ဇော်က "ကျွန်တော်တို့ ဘောလုံးလောကက တိုးတက်ဖို့ လုပ်ဆောင်နေသမျှ အားလုံးဟာ ဒီဘောလုံးချစ်ပရိသတ်ကြီးကြောင့်ပါပဲ။ သူတို့ရဲ့ စိတ်ဝင်တစား အားပေးမှုက ကျွန်တော်တို့အတွက် တွန်းအားတွေဖြစ်စေခဲ့ပြီး အခုလို နိုင်ငံတကာကအသိအမှတ်ပြုခြင်းခံခဲ့ရတာပါ။ ဒါကြောင့် ပြည်တွင်းက ပရိသတ်တွေရော၊ ပြည်ပက ပရိသတ်တွေရော၊ မြန်မာ့ဘောလုံးကို ချစ်မြတ်နိုးတဲ့ အနယ်နယ်အရပ်ရပ်က ပရိသတ်တွေ အားလုံးကိုပါ အထူးပဲ ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်"ဟု ဆိုခဲ့သည်။

ထို့အတူ MFF ဥက္ကဋ္ဌက အခြားကျေးဇူးတင်ထိုက်သူများစွာရှိပါကြောင်း ဆက်လက်ပြောကြားခဲ့ကာ "အထူးသဖြင့် မြန်မာ့ဘောလုံးလောက ပရော်ဖက်ရှင်နယ်စနစ်ဖော်ဆောင်ပေးနိုင်ဖို့အတွက် ငွေကုန်ကြေးကျခံကာ ပူးပေါင်းပါဝင်ခဲ့တဲ့ MNL ကလပ်အသင်း ပိုင်ရှင်တွေကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ သူတို့ဟာ ကျွန်တော်တို့ရဲ့ စိတ်ကူးစိတ်သန်းနဲ့ အိပ်မက်တွေကို လက်တွေ့ဖြစ်လာအောင် ကူညီအားဖြည့်ပေးခဲ့တဲ့သူတွေပါပဲ။ ဘောလုံးလောကတိုးတက်စေဖို့ တစ်ဖက်တစ်လမ်းက ပါဝင်ကူညီအားဖြည့်ပေးတဲ့ စပွန်ဆာတွေကိုလည်း အထူးကျေးဇူးတင်ရမှာပါ"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍လည်း ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးခဲ့သည့် အစိုးရအဖွဲ့နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘောလုံးပွဲများအား ရိုက်ကူးထုတ်လွှင့်ပေးခဲ့သည့် ရုပ်သံလိုင်းများ၊ သတင်းများအား စဉ်ဆက်မပြတ် ရေးသားဖော်ပြခဲ့သည့် မီဒီယာများ၊ ဘောလုံးပွဲများအောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဘက်ဘက်မှ ကူညီအားဖြည့်ခဲ့သည့် လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များ၊ပါဝင်အားဖြည့်ခဲ့သည့် Volunteer များ၊ အခြားကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖွင့်ဟပြောကြားသွားခဲ့သည်။ **(ဇော်မင်းအောင်)**

မော်ရင်ဟိုချယ်လ်ဆီးသို့ ပြန်လာမည်ဆိုပါက မန်ယူ၏ ဖလားရရှိမှုအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဟုဆို

လက်ရှိစပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်လျက်ရှိသော ပေါ်တူဂီနိုင်ငံသားနည်းပြ စပါယ်ရှယ်ဝမ်းမော်ရင်ဟို အနေဖြင့် အင်္ဂလန်မြေမှ အသင်းဟောင်းချယ်လ်ဆီးကို ပြန်လည်ကိုင်တွယ်မည်ဆိုပါက လာမည့်နှစ်ဘောလုံးရာသီအတွက် မန်ယူအသင်း၏ နောက်ထပ်ပရီမီယာလိဂ်ဖလားကို အပြိုင်လုမည့် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်လာမည်ဟု ယုံကြည်ထားကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

စပယ်ရှယ်ဝမ်းမော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီကုန်ပါက ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာကာ ချယ်လ်ဆီးယာယီနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်နေရာတွင် အစားထိုးရန် စတမ်းဖို့ဒ်ဘရစ်ချ်သို့ တစ်ကျော့ပြန်လာမည်ဆိုသော သတင်းများထွက်ပေါ်ခဲ့သည့်အပြင် အင်တာမီလန်နှင့် ပီအက်စ်ဂျီအသင်းများဆီသို့လည်း ဦးတည်နေသူဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အင်္ဂလန်မြေမှ ချယ်လ်ဆီးအသင်းသို့ နည်းပြမော်ရင်ဟိုပြန်လာမည်ဆိုလျှင် မန်ယူအသင်းအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း ယင်းမှာလည်း ချယ်လ်ဆီးအသင်းသို့

မော်ရင်ဟို ရောက်ရှိလာပြီး ပထမဘောလုံးရာသီမှာပင် ဖလားနှစ်လုံးရယူပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း မန်ယူနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားခဲ့သည်။

မန်ယူ၏ လက်ရှိလေ့ကျင့်ရေးကွင်း AON လေ့ကျင့်ရေးကွင်းဟု အမည်ပြောင်းမည်

မန်ယူအသင်းသည် လက်ရှိကာရင်းတန်လေ့ကျင့်ရေးကွင်းအား တစ်ရာသီလျှင် ပေါင် ၁၅ သန်းဖြင့် သဘောတူညီမှုရယူခဲ့ပြီး လေ့ကျင့်ရေးကွင်း၏ အမည်ကို AON လေ့ကျင့်ရေးကွင်းအဖြစ် ပြောင်းလဲတော့မည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ချစ်ကြည်ရေးနှင့် ပြည်တွင်းပြိုင်ပွဲများအတွက် အသင်း၏ လေ့ကျင့်ရေးအားကစားပစ္စည်းများနှင့် ပတ်သက်၍ AON လိုဂိုကို အသုံးပြုရန် ဇူလိုင်လမှ စတင်ကာ အဆိုပါအမေရိကန်ကုမ္ပဏီနှင့် ရှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

ထို့ကြောင့် AON သည် မန်ယူအသင်း၏ ယခုနှစ်နွေရာသီအရှေ့ဖျားပိုင်းခရီးစဉ်များနှင့် အခြားပင်လယ်ရပ်ခြားခရီးစဉ်များအတွက် စပွန်ဆာဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိတွင် လေ့ကျင့်ရေးကွင်းသစ်နှင့် အားကစားပစ္စည်းဆိုင်ရာစာချုပ်ကို AON ၏ ဆက်ဆံရေး အဆင်ပြေမှုအရ ၂၀၂၀ ခုနှစ်ထိ ထပ်တိုးချုပ်ဆိုထားပြီး စာချုပ်သက်တမ်းနှင့် ပတ်သက်၍ ပေါင် သန်း ၁၂၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်းကြည်

မန်စီးတီးတိုက်စစ်မှူးကားလို့စ်တီဗက်ဇ်ကို ခေါ်ယူရန် အင်တာမီလန်စီစဉ်

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း အီတလီသတင်းဌာန Calcio Mercato မှ သိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အနေဖြင့်လည်း မန်စီးတီးအသင်းနည်းပြ မန်စီနီက အသင်း၏တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်ရန် ရည်ရွယ်နေခြင်းကြောင့် အီတီဟတ်ဒ်ကို စွန့်ခွာရန်ပြင်ဆင်နေသူဖြစ်သည်။

တိုက်စစ်မှူးတီဗက်ဇ်သည် ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ထိုအချိန်မှစ၍ မန်စီးတီးအသင်းအတွက် ၁၃၈ ပွဲကစားပေးပြီးတွင် ၇၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းက တိုက်စစ်မှူးကားလို့စ်တီဗက်ဇ်အားအင်တာမီလန်အသင်းအနေဖြင့် ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ အကုန်အကျခံခေါ်ယူထားသော တီဗက်ဇ်ကို ပြောင်းရွှေ့ကြေးအများအပြားဖြင့် ရောင်းချလိုကြောင်း ပြောကြားခဲ့သည်။

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

၆-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာတွင်ပါရှိသည့် ကြော်ငြာနှင့်ပတ်သက်၍ ဦးဇော်မင်းထွန်း[၁၂/ကတတ(နိုင်)၀၀၆၀၂၉]၊ ဒေါ်ခင်မာအေး[၉/ရမသ(နိုင်)၀၀၈၆၅၄]၊ တရားလွှတ်တော်ရှေ့နေ ဦးသိန်းစောနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်၊ ယုဇနလမ်း၊ အမှတ်(၃/စီ)နေ ဦးစိုးပိုင်[၈/မထန(နိုင်)၀၀၀၆၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးပိုင်က ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅၂-စီ)၊ လူနေရပ်ကွက်အမှတ်-မင်းဘောစမ်းကွင်း၊ မြေကွက် အမှတ်(၁၁ဘီ၁)၊ ဧရိယာ(၁.၀၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်အမှတ်(၁၁အေ)၊ ဧရိယာ(၂.၀၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်တို့နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ကုံကော်(၁)လမ်း၊ အမှတ်(က/၁၁၉)တွင်နေသည်ဟုဆိုသူ ဦးဇော်မင်းထွန်း[၁၂/ကတတ(နိုင်)၀၀၆၀၂၉]နှင့် ဒေါ်ခင်မာအေး[၉/ရမသ(နိုင်)၀၀၈၆၅၄]တို့က အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်တွင် မြေအပြီးအပိုင်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ပထမအရစ်စရန်ငွေအဖြစ် မြေကွက်များ တန်ဖိုး၏ သုံးပုံတစ်ပုံကို ပေးချေဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

အထက်ပါကတိစာချုပ်၏ အပိုဒ်-၄တွင် "ယနေ့ ၁၉-၂-၂၀၁၃ရက်တွင် ပထမအရစ်ပေးချေပြီး အပိုင်ဝယ်ယူသူအနေဖြင့် နေ့စဉ်သတင်းစာများတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်သွင်း၍ သတင်းစာတွင် ကြော်ငြာပါပြီးနောက် ကန့်ကွက်သူမရှိမှသာ ကျန်အရစ်ငွေများပေးချေခြင်းကို ဆက်လက်ဆောင်ရွက်သွားပါမည်။ တစ်စုံတစ်ယောက်က ကန့်ကွက်လာပါက အထက်အပိုင်ရောင်းချသူက ထိုကန့်ကွက်သည့်နေ့မှ တစ်လအတွင်း မိမိစရိတ်ဖြင့် ရှင်းလင်းပေးရန်နှင့် ရှင်းလင်း၍မရပါက ယခုကတိစာချုပ်အရ ပေးထားပြီးသမျှငွေအားလုံးနှင့်အပိုင်ဝယ်ယူသူက အမှန်တကယ် ကုန်ကျထားသည့် ငွေနှစ်ရပ်ပေါင်းကို တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ရန် သဘောတူကြပါသည်"ဟု အတိအလင်း နှစ်ဦးနှစ်ဖက်သဘောတူခဲ့ကြပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဦးစိုးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်တို့က အထက်ပါမြေကွက်များနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာကို ၇-၃-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၅-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခဲ့ရာ ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ သာစုကန်ကျေးရွာ၊ ဘုရားလမ်းသွယ်နေ ဦးအေးသိန်း[၁၂/ရပသ(နိုင်)၀၂၀၁၂၅]က ၎င်း၏ခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်ကိစ္စကို ဆက်လက်လုပ်ကိုင်ခြင်းမပြုကြရန် အထောက်အထားများအပြင် ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာနှင့်တကွ လူကိုယ်တိုင်စာဖြင့် အကြောင်းကြားကန့်ကွက်လာပါသည်။

သို့ဖြစ်ပါ၍ ဦးစိုးပိုင်၏ညွှန်ကြားချက်အရ ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးသက်ထွန်းက ၁၃-၃-၂၀၁၃ရက်စွဲပါ စာဖြင့် အထက်ပါကန့်ကွက်ခြင်းကိစ္စကို ကတိစာချုပ်၏အပိုဒ်-၄နှင့်အညီ ရှင်းလင်းနိုင်ရန် အထက်ပါကန့်ကွက်စာနှင့်ပူးတွဲပါ စာရွက်စာတမ်းမိတ္တူများကို ဦးဇော်မင်းထွန်း နှင့် ဒေါ်ခင်မာအေးတို့ထံ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ၎င်းတို့၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသိန်းစောက ၁၅-၃-၂၀၁၃ရက်စွဲပါ စာဖြင့် ဒုတိယအရစ်ပေးချေရမည့်ငွေကို မပျက်မကွက်ပေးချေရန် တောင်းဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးစိုးပိုင်၏ ညွှန်ကြားချက်အရ ၎င်း၏တရားလွှတ်တော် ရှေ့နေဦးသက်ထွန်းက ၁၉-၃-၂၀၁၃ရက်စွဲပါစာဖြင့် ၁၉-၂-၂၀၁၃ ရက်စွဲပါ ကတိစာချုပ်အပိုဒ်-၄နှင့်အညီ ကန့်ကွက်ချက်အား ရှင်းလင်းပေးပါရန် ထပ်မံအကြောင်းကြားစာပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၆-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)တွင် ဦးဇော်မင်းထွန်းနှင့်ဒေါ်ခင်မာအေးတို့၏ ညွှန်ကြားချက်အရ ၎င်းတို့၏တရား လွှတ်တော်ရှေ့နေ ဦးသိန်းစောကကြေညာရာတွင် နှစ်ဦးသဘောတူချုပ်ဆိုခဲ့သည့် ကတိစာချုပ်၏အပိုဒ်-၄ပါ ပဋိညာဉ်များကိုလည်းကောင်း၊ အရောင်း အဝယ်ကိစ္စအား လာရောက်ကန့်ကွက်ခြင်းကိုလည်းကောင်း၊ ယင်းကန့်ကွက်ချက်ကို ကတိစာချုပ်ပါအပိုဒ်-၄နှင့်အညီ ရှင်းလင်းပေးရန် ဦးစိုးပိုင်ဘက်မှ အကြောင်းကြားခဲ့ခြင်းကိုလည်းကောင်း ထိမ်ချန်၍ ဦးစိုးပိုင်အား ဒုတိယအရစ်ငွေပေးချေရမည့်ကိစ္စကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းနေခဲ့သည်ဟု ကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။

ဦးဇော်မင်းထွန်းနှင့်ဒေါ်ခင်မာအေးတို့၏ အဆိုပါကြေညာချက်သည် ဦးစိုးပိုင်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် တမင်ရည်ရွယ်၍ ဖြစ်ရပ်မှန်များကို ထိမ်ချန်ကြေညာခဲ့ခြင်းဖြစ်သဖြင့် ဦးစိုးပိုင်အား ၎င်းကျေနပ်သည်အထိ တောင်းပန်၍ ယင်းကြေညာ ချက်ကို ယခုကြေညာချက်ပါရှိသည့်နေ့မှ(၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းကြေညာပေးပါရန် တောင်းဆိုလိုက်ပါသည်။မလိုက်နာပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဦးဇော်မင်းထွန်းနှင့် ဒေါ်ခင်မာအေးတို့က အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်ခြင်းကိစ္စအား ၁၉-၂-၂၀၁၃ရက်စွဲပါ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အပြီးအပြတ်ရှင်းလင်းပြီးပါက ဦးစိုးပိုင်အနေဖြင့် အဆိုပါပဋိညာဉ်ပါ စည်းကမ်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇)
B.A(Law),LL.B

ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)
B.A(Law),LL.B

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆-စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

သရဖူမြတ်နိုးသူ **Travel & Tours Co.,Ltd**

မန်း၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ Apr:12.14, 140000 110000

ရန်ကုန်-မန္တလေး(အသွား၊ အပြန်) ကားခသီးသန့် Apr:12,14 40000

ခရီးစဉ်အားလုံး၌ Hotel,Restaurant,New Model Air Coach,Special Services.တစ်ဆင့်ကားခ/ အလုံးစုံပါဝင်ပြီးဖြစ်သည်။

ဖုန်း-၀၁-၅၅၁၄၅၃၊ ၀၉-၅၁၅၆၂၉၇၊ ၀၉-၅၀၁၄၅၁၇၊ ၀၉-၅၀၄၄၄၈၉၊ ၀၉-၄၅၀၀၅၃၇၅၈၊ ၀၉-၇၃၁၆၂၄၁၈

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကြည်သန်း[ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန]-ဒေါ်နီနီခင်(အထက်တန်းပြ၊ အထက-၆၊ ဗိုလ်တထောင်)တို့၏သား၊

မောင်ဇေယျာထွန်း

(B.E, Naval Architecture)
GM, Naval Architect,
Cordial Marine Inspection Pte Ltd.,Singapore

နှင့်

ရန်ကုန်မြို့နေ ဦးတင့်မွန်အောင်(L & N Co.,Ltd)-ဒေါ်ဝင်းဝင်းအေးတင်
(Lay & Nyi Trading Company)တို့၏သမီး

ဒေါက်တာအိမွန်ဦး M.B.,B.S

Medical Officer, Asia Royal Hospital

တို့အား ၂၅-၃-၂၀၁၃ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ကျောက်တံတားမြို့နယ် တရားသူကြီး ဦးဝင်းဇော်ညွှန့်အားလည်းကောင်း၊ ၂-၄-၂၀၁၃ရက်တွင် မင်းကွန်းတိပိဋကကျောင်းတော်(ငွေရတုမင်္ဂလာခန်းမ)၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၇-၄-၂၀၁၃ရက်တွင် Traders Hotel(Grand Ballroom)၌ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော မက်(စ်)မြန်မာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ဌေးဌေးခိုင်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဒေါက်တာစိုးသိမ်း[ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန၊ (အောက်မြန်မာပြည်)၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့]နှင့်ဇနီး ဒေါက်တာသန်းနုရွှေ[ပါမောက္ခချုပ်(ငြိမ်း)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်]၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်နှင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာထွန်း-ဒေါက်တာအိမွန်ဦး



မော်တော်ဆိုင်ကယ် မဆင်မခြင်မောင်းနှင်ရပ်ထားသော ၁၀ ဘီးယာဉ်အား ဝင်တိုက်

ပျဉ်းမနား မေ ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် မော်တော်ဆိုင်ကယ်အား အရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်မှုကြောင့် ရပ်ထားသော ၁၀ ဘီးယာဉ်အား ဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ သေဆုံးသွားသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၆ ရက် နံနက် ၁ နာရီခွဲခန့်တွင် ပျဉ်းမနားယာဉ်မှုစစ်စခန်းမှ ဒုရဲအုပ်သက်ထူး တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မေ ၅ ရက် ည ၁၁ နာရီခွဲခန့်တွင် ပျဉ်းမနားမြို့ ပါဠိကွေ့မီးပွိုင့်ဘက်မှ ပန်းခင်းမီးပွိုင့်ဘက်သို့ ပန်းခင်းလမ်းမကြီးအတိုင်း အောင်ကိုလတ် (၂၅)နှစ် ပန်းခင်း(၃) နယ်မြေ(၆) ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသည့် ၁၈ယ/--- Stream ၁၁၀ အနက်ရောင်ဆိုင်ကယ်သည် ပလက်ဖောင်းဘေးတွင်ရပ်ထားသော ခင်မောင်တူး (၂၅)နှစ် ဘဲကုန်းတည်ဆောက်ရေး (၅) ဆည်မြောင်းဝင်း ပုဗ္ဗသီရိမြို့နေသူ မောင်းနှင်သည့် ၅ခ/--- တင်ပါ ၁၀ ဘီး အဖြူရောင်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ယာဉ်၏ ယာဘက်နောက်ပိုင်းအားဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်ယာဉ်မောင်း အောင်ကိုလတ်တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ရဲစခန်းမှ ယ (ပ) ၉/၂၀၁၃၊ ပုဒ်မ ၃၀၄ (က)ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သူဇာလှိုင် (မန်းတက္ကသိုလ်)

တရားမဝင်ကျွန်းသစ်တံခါးရွက် ကျပ်သိန်း ၇၉၀ ကျော်ဖိုး သိမ်းဆည်းရမိ

ရေတာရှည် မေ ၈

တရားမဝင် သစ်ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများ လျှော့နည်းကျဆင်းရေးအတွက် တာဝန်ရှိသူများမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက် ညနေ ၃ နာရီခွဲခန့်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် ရန်ကုန်-မန္တလေး ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် ကာလတန်ဖိုး ငွေကျပ်သိန်း ၈၉၀ ကျော် တန်ဖိုးရှိ တရားမဝင်ကျွန်းသစ်တံခါးရွက်များ ဆိုဒ်စုံ ၃၅ တန်ကျော် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက မိမိမြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်၊ ရောင်းဝယ်မှုများမရှိစေရေးအတွက် သတင်းချုပြဆောင်ရွက်လျက်ရှိစဉ် ရေတာရှည်မြို့ တောင်ဘက် ရန်ကုန်-မန္တလေး ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၈၈/၀) နှင့် (၁၈၈/၂) အကြား ကားလမ်းအရှေ့ဘက်၊ အနောက်ဘက်တွင် ကားပေါ်မှပစ်ချခဲ့သည့် ကျွန်းတံခါးရွက် ၂၄၃၀ ချပ် (၃၅ ဒသမ ၃၅၃၈) တန်၊ ကျွန်းပွတ်လုံး ၂၃၁ လုံး (သုည ဒသမ ၂၇၇၂) တန် စုစုပေါင်း ၃၅ ဒသမ ၆၃၁ တန်၊ (ကာလတန်ဖိုး ငွေကျပ်သိန်း ၈၉၀ ဒသမ ၇၇၅၀)အား ပိုင်ရှင်မဲ့ တွေ့ရှိ၍ ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနတွင် ထိန်းသိမ်းထားရှိကြောင်း သိရပြီး ယခုအခါ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်မှုမရှိစေရေးအတွက် ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများကစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၈)

မိန်းမပျိုလေးလက်ကို ဇွတ်အတင်းဆွဲသူ ဓားထိုးခံရ

ရေတာရှည် မေ ၈

မိန်းမပျိုလေးတစ်ယောက်တည်း ရှိနေသည့်တဲကို အမည်၊ နေရပ်မသိ လူငယ်တစ်ဦး ရောက်ရှိလာကာ ရေတောင်းသောက်ပြီးနောက် လက်ကိုကိုင်၍ဇွတ်အတင်းဆွဲခေါ်နေစဉ် အစ်ကိုဖြစ်သူ ရောက်လာရာမှ ရေတောင်းသောက်သူ လူငယ်နှင့် တစ်ယောက်တစ်ခွန်းစကားများပြီး ဓားဖြင့်တစ်ချက်ထိုးခဲ့ရာ သေဆုံးသွားခဲ့သော အမှုတစ်ခု မေ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်က တောင်ငူခရိုင် ရေတာရှည်မြို့ အနောက်ဘက် ၁၈ မိုင်ခန့်အကွာ စမိုးသစ်ထုတ်ကားလမ်း ပဒွန်ရေပုတ်ချောင်းအနီး တဲစုတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် အခင်းဖြစ်ပွားသည့် တဲစု၌ မဇင်မာလွင် (၁၆)နှစ် ရွာသာယာရွာနေသူသည်တစ်ယောက်တည်းတဲ၌ရှိနေချိန် အမည်၊ နေရပ်မသိ အသက်(၂၀)အရွယ်ခန့်ရှိ လူငယ်တစ်ဦး ရောက်ရှိလာကာ ရေသောက်ဦးမည်ဟု ပြော၍ရေခပ်ပေးစဉ် အဆိုပါလူငယ်က ရေသောက်ပြီးနောက် မဇင်မာလွင်၏လက်ကိုကိုင်ပြီး ဇွတ်အတင်း ဆွဲခေါ်ခဲ့ကြောင်း၊ ထိုစဉ် တောထဲတွင် မီးသွေးဖုတ်ရာမှ ပြန်လာသည့် အစ်ကိုဖြစ်သူ သန်းဇော်ဦး (၂၅)နှစ် ရောက်ရှိလာပြီး ထိုသို့မလုပ်ရန် ဟန့်တားခဲ့ရာ အမည်မသိလူငယ်က သန်းဇော်ဦးအား ဝါးတုတ်နှင့် ရိုက်မည်ပြုလုပ်သဖြင့် သန်းဇော်ဦးက လက်ထဲတွင် အသင့်ရှိသောအရိုးအသွား ရှစ်လက်မခွဲခန့်ရှိ ဓားမြောင်ဖြင့်ထိုးခဲ့ရာ ရင်ဝ၌ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးသွားခဲ့သည်။

ပြစ်မှုကျူးလွန်သူ သန်းဇော်ဦးအား ရေတာရှည်ရဲစခန်းမှ (ပ)၈၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရပြီး သေဆုံးသူအားသိရှိနိုင်ရန် စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မအူပင်မြို့နယ် ရိုးချောင်းဘေးမှ အမည်မသိအလောင်း စုံစမ်း

မအူပင် မေ ၈

မအူပင်မြို့နယ် ပေကုန်းတောင်ကျေးရွာ ရိုးချောင်းဘေးကိုင်းတောစပ်တွင် မေ ၄ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အမည်မသိအမျိုးသားအလောင်းတွေ့ရှိကြောင်း သတင်းအရ ကျွဲဒိုးရဲစခန်းမှ ရဲအုပ်ကျော်ဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ အသက် (၄၀) ခန့် အမည်မသိပုပ်ပွအမျိုးသားလူသေအလောင်းဖြစ်ကြောင်း သိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိရန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ရဲအုပ်ကျော်ဦး၏ တိုင်တန်းချက်အရ ကျွဲဒိုးရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၃ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိသည်။

(ပုသိမ်လှကြည်)

ကုန်းတန်းကြီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

မိတ္ထီလာ မေ ၈

မိတ္ထီလာမြို့နယ် ဇီးဝင်ကုန်းကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာတွင် မေ ၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် တောင်သူ ဦးတင်အောင် (၄၇)နှစ်၏ နေအိမ်မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ဦးတင်အောင်၏ လေးပေပတ်လည် သွပ်မိုးထရံကာ နေအိမ်တစ်လုံး၊ အိမ်နီးချင်းများဖြစ်သော ဦးကြံခင်၏ လေးပေပတ်လည် သွပ်မိုးထရံကာ နေအိမ်တစ်လုံးနှင့် ဦးသန်းဝင်း၏ လေးပေပတ်လည် သွပ်မိုးထရံကာ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်။ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် သိန်း ၂၀ ကျော်ဖိုး မီးလောင်ဆုံးရှုံးပျက်စီးသွားပြီး ၁၇ ဦးမှာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့သည်။ မီးလောင်မှုကို ရှမ်းမငယ်ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပြည်မြို့နေ ဦးတင်ငွေ-ဒေါ်လှသွင်(မြန်မာဆေးနှင့်ကုန်မျိုးစုံရောင်းဝယ်ရေး)၊
ရန်ကုန်မြို့နေ ဗိုလ်မှူးမောင်မောင်ခိုင်(ငြိမ်း)(ပါမောက္ခချုပ်-
ငြိမ်း၊ယဉ်ကျေးမှုတက္ကသိုလ်)- ဒေါ်နှင်းနှင်းကြိုင်တို့၏မြေး၊
ခပေါင်းလမ်း၊ အမှတ်(၇/၃)နေ ဦးမျိုးခင်-သီရိသုဓမ္မသိင်္ဂီဒေါ်သူဇာမင်း
(Khaing Su Thu Industrial Co.,Ltd) တို့၏သားကြီး

မောင်အောင်ကျော်ခိုင် 1st Year (English)

နှင့်

မုံရွာမြို့နေ ဦးဘကိုး-ဒေါ်ခင်လေးကြည်(ရွှေပြည်တန်စောင်စက်)၊
ရန်ကုန်မြို့နေ(ဒေါက်တာငွေးအောင်)-ဒေါ်မြင့်မြင့်တင်(အထက်တန်းပြ-ငြိမ်း))တို့၏မြေး
ကြာပဒုမ္မာလမ်း၊ ငွေကြာယံရိပ်သာ၊ အမှတ်(၅၅)နေ
ဦးအောင်ကျော်မိုး-ဒေါ်ဝင်းဝင်းငွေး(Yadanar Aung Co.,Ltd)တို့၏သမီး

ဒေါက်တာရတနာစုအောင်ကျော် M.B.,B.S (Ygn)

တို့၏၇-၄-၂၀၁၃ရက်တွင် CHATRIUM Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ချိုဦး၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်ချုပ် ကျော်ဝင်း(ငြိမ်း)နှင့်ဇနီးဒေါ်ခင်စန်းသိန်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဗိုလ်ကြီးသန်းစော(ငြိမ်း)မိသားစု၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီးဒေါ်ခင်သန်းဝင်း(ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ညွှန်ကြားရေးမှူး)၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေး၏ဇနီးဒေါ်ဝေဝေခိုင် မိသားစု၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်း၊ မင်္ဂလာ အခါတော်ပေး ဒေါ်နှင်းရည်သန့်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော နိုက်တင်ဂေးတေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမေမိုးမြင့်စံ၊ မင်္ဂလာပန်းကုံးဗန်းကိုင် ရွှေရည်ဖြိုး၊ လက်စွပ်ဗန်းကိုင် နှင်းဆုဝေခင်၊ မင်္ဂလာသတို့သားအရံ မောင်ရဲဇေယျအောင်၊ မောင်ဇွဲဘုန်းရှိန်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာမပြည့်ဖြိုးဆွေ၊ ဒေါက်တာ ပန်းငြိမ်းဟန်၊ မိတ်ကပ် ဆံပင်အလှဖန်တီးရှင်ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Exposure Wedding Dress& Photo Studio နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာလက်ဝတ်ရတနာမေတ္တာဖြင့်ဆင်မြန်းပေးပါသော သိုက်စိန်ရွှေရတနာဆိုင်၊ မင်္ဂလာ လက်စွပ်ကိုဖန်တီးပေးပါသော Lucky Charm Jewellery မှ ကိုသာကြီးနှင့်ဇနီးမစန္ဒာ၊ မင်္ဂလာ ကားစီစဉ်ပေးပါသော ကိုမောင်မျိုးနှင့်ဇနီး မအေးစန္ဒာစိုး (မန်းရွှေပြည်မိသားစု)၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော ဒီဇိုင်နာပြည်စိုးအောင်၊ မီးအလှ ဆင်ပေးပါသော မီးငယ် (Lighting)နှင့် အဖွဲ့၊ တိမ်လွှာမီးခိုးများဖြင့် အလှဖန်တီးပေးပါသော မြန်မာကာဘောနစ်နှင့်အဖွဲ့၊ CHATRIUM Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင်တာဝန်ယူစီစဉ်ပေးပါသော Signature Weddings & Events Planning၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်ခိုင်-ဒေါက်တာရတနာစုအောင်ကျော်

ပုလဲရတု မင်္ဂလာဆုတောင်း

ချစ်သောသမီးများ -
ချစ်မြေး
Dr.

နန်းဦးလှိုင်
056-21677
01-391577

Travel & Tours
"Euro Brand Scania 2+1 VIP Seat Car"
ချောင်းသာ (နေ့စဉ်)
09-73252239, 09-73252240, 09-73252241, 09-73143249

ရွှေခေါင်းသာ
Air-Con Express

ရွှေဥဒေါင်းမင်း
09421152677, 09421122687

အထက်မြန်မာပြည်သတင်း

အင်းတော်မြို့ပြည်သူ့ဆေးရုံတွင် ကလေးသုံးမွှာပူး အောင်မြင်စွာမွေးဖွား

မော်လူး မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာရှိ မြို့သစ်ရပ်နေ ဒေါ်အေးရီ (၄၂) နှစ်က ကလေးမွေးရန် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မော်လူးတိုက်နယ်ဆေးရုံသို့ရောက်ရှိခဲ့ရာ ဆေးရုံတွင် ဆရာဝန်မရှိ၍ တာဝန်ကျဆရာမများက အင်းတော်မြို့ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။

အင်းတော်မြို့ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၏ကူညီစောင့်ရှောက်မှုဖြင့် ဖေဖော်ဝါရီ ၂၈ ရက် ည ၇ နာရီ ၁၈ မိနစ်တွင် ပထမကလေးယောကျ်ားလေး၊ ၇ နာရီ ၃၉ မိနစ်တွင် ဒုတိယကလေး မိန်းကလေး၊ ၇ နာရီ မိနစ် ၄၀ တွင် တတိယကလေးယောကျ်ားလေးစသည်ဖြင့် ကျားနှစ်၊ မတစ် သုံးမွှာပူးကို ခွဲစိတ်၍ အောင်မြင်စွာဖြင့် ဖွားမြင်နိုင်ခဲ့သည်။**(အပေါ်ပုံ)** အဆိုပါ သုံးမွှာပူးကလေးများ မွေးဖွားခြင်းသည် အဖ ဦးအောင်ဌေး အမိ ဒေါ်အေးရီတို့၏ တတိယမြောက်မွေးဖွားသော ကလေးများဖြစ်ပြီး မတ် ၂၉ ရက်အထိ မိခင်ရောကလေးများပါ ကျန်းမာလျက်ရှိပြီး မတ် ၃၀ ရက် ည ၇ နာရီတွင် တတိယမြောက် ကလေးမှာသေဆုံးခဲ့သည်ဟု သိရသည်။

၎င်းနောက် သုံးမွှာပူးမွေးဖွားခဲ့သည့်မိခင်ဒေါ်အေးရီမှာ ဖခင် ဦးအောင်ဌေး တောင်သူအား မှီခိုနေရသည်။ မေ ၄ ရက်ထိ မိခင်နှင့်ကလေးနှစ်ဦးမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။ **(၆၈၅)**

ခရမ်းချဉ်သီးစိုက်တောင်သူများ ဈေးကောင်းရ၍ ပျော်ရွှင်

ယင်းမာပင် မေ ၈

ယင်းမာပင်မြို့နယ် နန်းချောင်းကျေးရွာ ပြည်သူများသည် မိသားစုစားဝတ်နေရေးလုပ်ငန်းအဖြစ် မိမိတို့ အိမ်ခြံဝင်းများအတွင်း ကွမ်းစိုက်ခြင်း၊ ခရမ်းချဉ်စိုက်ပျိုးခြင်းများ လုပ်ကိုင်လျက်ရှိကြသည်။**(အောက်ပုံ)** ခရမ်းချဉ်စိုက်ပျိုးသူများအနက်မှ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဦးမြတ်ထွန်း၏ခရမ်းချဉ်ခြံသို့ သွားရောက်လေ့လာခဲ့ရာ "ယခုနှစ်တွင် အပင်ပေါင်း ၂၃၀၀၀ ကျော်စိုက်ပျိုးထားပြီး ယခုအသီးဆွတ်ခူးချိန်အထိ ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၄၀ ခန့်ရှိပြီဖြစ်ကြောင်း၊ ပထမအသီးစတင်ခူးချိန်တွင် ပိဿာချိန် ၁၂၉၇ ပိဿာအား ၇၀၀ ကျပ်နှုန်းဖြင့် မုံရွာပွဲရုံသို့ တင်ပို့ခဲ့ရာငွေကျပ် ၉ သိန်းကျော်ရရှိခဲ့သည်။ ယခုနှစ်တွင် ကုန်ချိန် ၃၀၀၀၀ ထွက်ရှိမယ်လို့ မျှော်မှန်းပါတယ်။ ယခုနှစ်ပထမအကြိမ်ရောင်းချသည့် ဈေးနှုန်းမျိုး မရရင်နေပါစေ၊ ပျမ်းမျှ ၅၀၀ နှုန်းလောက်ရရှိမည်ဆိုပါက အကျိုးအမြတ်များစွာ ခံစားရဖွယ်ရှိလို့ ကျွန်တော်အပါအဝင် ကျွန်တော့်အလုပ်သမားများအားလုံး ဝမ်းသာပီတိဖြစ်ကြရပါတယ်။ မနှစ်ကတော့ အပင်ပေါင်း ၁၈၀၀၀ ကျော်စိုက်ပျိုးခဲ့ပါတယ်။ ယခုနှစ်လိုပဲ အပင်ဖြစ်ထွန်းခဲ့ပေမယ့် ဈေးကွက်အနေနဲ့ အများဆုံး ၃၀၀ လောက်ပဲရခဲ့တဲ့အတွက် ငွေကျပ်သိန်း ၃၀ လောက် ဆုံးရှုံးခဲ့ရပါတယ်။

ယခုနှစ်တော့ စတင်စိုက်ပျိုးရတဲ့ ဈေးနှုန်းက ၇၀၀ ရရှိခဲ့တာဖြစ်လို့ အကျိုးခံစားခွင့်များမယ်လို့ မျှော်လင့်မိပါတယ်။ အဲဒီလို အကျိုးအမြတ်များများရခဲ့မယ်ဆိုရင် ဒီနှစ်မှာ ကျွန်တော့်သားလေး ရှင်ပြုပေးနိုင်မှာပါ"ဟု ဦးမြတ်ထွန်းက ပြောကြားခဲ့သည်။ **(ယင်းမာပင်မြန်/ဆက်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့(နေပြည်တော်)၏ ရဲအုပ်အဆင့်မှ ဒုရဲမှူးအဆင့် အဆင့်တိုးစာမေးပွဲဖြေဆိုခြင်းအား မေ ၆ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဖြေဆိုသူ ရဲအုပ် ကျား ၇၃ ဦး၊ မ ၃၀ စုစုပေါင်း ရဲအုပ် ၁၀၃ ဦးတို့ ဖြေဆိုကြပြီး ဖြေဆိုရာသို့ နေပြည်တော်ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင် လာရောက်ကြီးကြပ်စဉ်။

ကိုကိုလွင်(နေပြည်တော်)

မေ ၅ ရက် ညနေက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူး-ရန်ကုန်ကားလမ်းမကြီးပေါ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလှည့်ကင်းအဖွဲ့မှ ရဲအုပ်အောင်နိုင်၊ ဒုရဲအုပ် ဇော်နိုင်ဌေးတို့ ဦးစီးသောလှည့်ကင်းအဖွဲ့ယာဉ်ဖြင့် လိုင်းကားများနှင့် ယာဉ်များအား လက်ကမ်းစာစောင်များ ဝေငှ၍ ပညာပေးလက်တွေ့စစ်ဆေးနေစဉ်။

ရှင်းသန့်(ပဲခူး)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အရှည်ပေ ၂၁၄၀ ရှိ ထိန်းချေတိန်းစံကျေးရွာနှင့် နောက်ကျပ်ကျေးရွာမှ သီပေါမြို့အထိ ဆက်သွယ်သော လမ်းကို ဖွင့်လှစ်ပေးလိုက်သဖြင့် ကျေးလက်ပြည်သူများ မော်တော်ဆိုင်ကယ်နှင့် မြို့ပြသို့ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခွင့်ရရှိနေပြီဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်စွာ ခရီးနှင်လျက်ရှိသည်ကို မေ ၄ ရက်က တွေ့မြင်ရစဉ်။

စိုင်း(သီပေါ)

လောင်စာဆီဆိုင်များအား မြို့ပြင်တွင် စနစ်တကျရောင်းချရန် ကြပ်မတ်လျက်ရှိ



လင်းခေး မေ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လဲချား၊ လင်းခေးနှင့် မောက်မယ်မြို့သုံးမြို့၏ ရာသီဥတုအနေအထားသည် များသောအားဖြင့် မတ်လနှင့် ဧပြီလတို့တွင် အခြားသောမြို့များထက် အပူရှိန်ကို ပိုမိုခံစားကြရသော မြို့များဖြစ်ပေသည်။ ယခုကာလ၌ ဤဒေသတို့တွင် ရိုးရာဓလေ့ဖြစ်သော စုပေါင်းရှမ်းရှင်ပြုပွဲတော်ကို အများဆုံးပြုလုပ်လေ့ရှိသော အချိန်အခါဖြစ်ရာ အများသူငါသည် လျှပ်စစ်မီးသာမက ထင်းမီးကိုလည်းချက်ပြုတ်ရေးအတွက် အများဆုံးအသုံးပြုလျက်ရှိကြပါသည်။

အဆိုပါမြို့များအနက် လင်းခေးမြို့နယ်၏ သဘာဝရာသီဥတုမှာ ပိုမိုပူပြင်းသောဒေသဖြစ်သောကြောင့် ပေါ့ဆမှုဖြင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မေ ၂ ရက် ညနေ ၄ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတီးတိုး၊ စခန်းမှူးရဲအုပ်ထိန်လင်းနှင့် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်နိုင်တို့ပါဝင်သောအဖွဲ့သည် သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ လင်းခေးမြို့အတွင်း၌ တရားမဝင်လောင်စာဆီ ရောင်းချနေသူအချို့ရှိနေကြောင်း သတင်းအရ ကွင်းဆင်းစစ်ဆေးရာ ဓာတ်ဆီဂါလန် ၄၀ ခန့်အားသိမ်းဆည်းရမိခဲ့ပြီး ရောင်းချနေသူများအား နိုင်ငံတော်၏ဥပဒေနှင့်အညီ တရားဝင်ရောင်းချခြင်းများပြုလုပ်စေရန်နှင့် လောင်စာဆီကြောင့် မီးဘေးအန္တရာယ်ကို လွယ်ကူစွာဖြစ်ပေါ်စေနိုင်သဖြင့် မြို့တွင်းရပ်ကွက်တွင်း မိမိတို့နေအိမ်များတွင် သိုလှောင်ထားရှိ၍ ရောင်းချခြင်းများ မပြုလုပ်ကြစေရန် နောက်ဆုံးအကြိမ်တားမြစ်သတိပေးကာ လောင်စာဆီရောင်းချခြင်း လုပ်ကိုင်သူတို့အား မိမိတို့မြို့နယ်မှ သတ်မှတ်ပေးထားပြီးသော နေရာများတွင်သာ ရောင်းချခြင်းပြုလုပ်ကြစေရေးကို ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

စိုင်းဇော်လတ်(လင်းခေး)

မိဖုရားစောမွန်လှ တည်ထားကိုးကွယ်သော မြတဘက်စေတီတော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်တင်လှူခြင်း ဖိတ်ကြားလွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်တွင် တည်ရှိသော မိဖုရားစောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတဘက်စေတီတော်မြတ်ကြီးသည် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် ပြန်လည်ပြုပြင်ရန် လိုအပ်လာပါသဖြင့် နဂါးကိုးကောင် ဆရာတော်မှ ဦးဆောင်၍ မန္တလေးမြို့၊ နိုင်ငံတော်သြဝါဒါစရိယ မြတောင်တိုက် "ရွှေဝါဝင်းကျောင်း"ဆရာတော် ဦးသာသနာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဝိစိတ္တာဘိဝံသ၊ တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးသုနန္ဒဆရာတော်များ၏ သြဝါဒကိုခံယူ၍ ခုနစ်ရက် သားသမီးအပေါင်း၏ အလှူဒါနတို့ဖြင့် ပြန်လည်တည်ထားကိုးကွယ်သော မိဖုရားစောမွန်လှ မြတဘက်စေတီတော်မြတ်ကြီးအား (၁၃၇၅ ခုနှစ်၊ ဦးတန်ခူးလဆန်း ၇ရက်၊ နှစ်ဆန်း ၁ရက်)၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီ မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ ကျင်းပမည် ဖြစ်ပါသည်။

ဘုရားအစ်မ စောမွန်လှ၊ မြနန်းနွယ်၊ နဂါးမယ်တော်ကြီးတို့နှင့် ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်အားလုံး သိုက်သိုက်ဝန်းဝန်း စုံစုံညီညီဖြင့် ကြွရောက်ပြီး ကုသိုလ်တော် အတူဆင်နွှဲကြပါရန် မေတ္တာရှေ့ထား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့်
အကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၃၀၇၂၉၁၀

စစ်ကိုင်းမြို့တွင် ရုပ်/သံတည်းဖြတ်လုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေရ

စစ်ကိုင်း မေ ၈

စစ်ကိုင်းမြို့ရှိ ဗီဒီယိုရုပ်/သံတည်းဖြတ်လုပ်ငန်းများ ယခင်နှစ်များကထက် ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြရာ စစ်ကိုင်းမြို့ လေးကျွန်းမြေရပ်ကွက်ရှိ "စိုးကြည်ဝင်း"ဗီဒီယို/ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းမှ ကိုဝိုင်းဝိုင်းက "အဓိကအချက်ကတော့ဗျာ ကျေးလက်နေပြည်သူတွေရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုတစ်ခုပါပဲ၊ အခုဆိုရင်ကျေးရွာတွေမှာ အလှူကြီးတွေ ပေးနေတဲ့အတွက် မှတ်တမ်းများအဖြစ် ဗီဒီယို/ဓာတ်ပုံတွေရိုက်ကူးကြရတယ်လေ၊ ကျွန်တော်တို့အနေကတော့ ရိုက်ကူးသူတွေများပေမယ့် ပစ္စည်းပိုင်ဆိုင်မှုနည်းနေသေးတဲ့အတွက် အားလုံးအဆင်ပြေနိုင်အောင်ဆိုပြီး ဗီဒီယိုရိုက်စက်ငါးလုံး တည်ထောင်ထားပါတယ်၊ ကျွန်တော်တို့ စက်ကိုအသုံးပြုပြီး ရိုက်ကူးကြတဲ့ ပညာရှင်တွေကိုလည်း မိမိတို့နှစ်သက်မြတ်နိုးတဲ့ဆိုင်တွေမှာ တည်းဖြတ်လုပ်ငန်းလုပ်ဖို့ ပြောပါတယ်၊ များသောအားဖြင့် ကျွန်တော့်ကိုခိုင်းတာများပါတယ်၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ ကျေးလက်အလှူပွဲတစ်ခုနဲ့ ပတ်သက်ရင်တော့ အလှူပွဲနဲ့ ဆက်နွှယ်နေတဲ့ လုပ်ငန်းရှင်တွေ အဆင်ပြေကြပါတယ်၊ မဏ္ဍပ်စင်၊ ဆိုင်း၊ ဘိသိက်၊ ရွှေချည်ထိုး၊ ရွှေလှည်းယာဉ်၊ မြင်းစတဲ့ လုပ်ငန်းရှင်တွေအားလုံး အဆင်ပြေကြပါတယ်၊ နောင်နှစ်တွေမှာလည်းပဲ ဒီထက်မက လုပ်ငန်းတွေ ပိုမိုလုပ်ကိုင်ရလိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

(ဇော်မြင့်နိုင် - စစ်ကိုင်း)

ကိုလိုနီခေတ်သမိုင်းပုံရိပ်ဂါတ်တဲကြီး

မင်းဘူး ဧပြီ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ရှင်မင်းဘူးဘုရားလမ်း ပင်စင်တန်း ရပ်ကွက်တွင် ကိုလိုနီခေတ်က ဂါတ်ထဲကြီးမှာ ရေနံချေးရောင်ထလျက် သမိုင်းခေတ်၏ပုံရိပ်အဖြစ် မြင်တွေ့ရသည်။**(အောက်ပုံ)**

မြန်မာတို့ လွတ်လပ်ရေးဆုံးရှုံးပြီး ကျွန်ဘဝရောက်ရှိချိန်တွင် ကိုလိုနီအုပ်ချုပ်ရေး ယန္တရားအဖြစ် အကျဉ်းထောင်များ၊ ပုလိပ်ဂါတ်တဲများ တည်ဆောက်ခဲ့ရာတွင် မင်းဘူးမြို့တွင် အင်္ဂလိပ်ခေတ်က တည်ဆောက်ခဲ့သော ပထမဆုံး ဂါတ်တဲတစ်ခုလည်းဖြစ်သည်။ ယင်းခေတ်ပုလိပ်အမှုထမ်းအများစုမှာ အိန္ဒိယလူမျိုးအမှုထမ်းများဖြစ်သည်။ ဂါတ်ရှေ့၌ ကွမ်းယာရောင်းနေသော အိန္ဒိယနွယ်ဝင် အမျိုးသမီးတစ်ဦးက "ကျွန်မတို့ အဘိုးက ပုလိပ်အမှုထမ်းတစ်ဦးပါ၊ ဒီဂါတ်တဲမှာ အမှုထမ်းခဲ့တာပါ၊ သူ့နာမည်က ဦးဆော်ရပ်အလီပါ၊ အဘွားကတော့ ဒေါ်ခဲရှုပါ အဘွားကအသက် (၁၀၀)လောက်အထိ နေရတယ်။ အဘိုးကတော့ အသက်(၈၀)လောက်မှာ ကွယ်လွန်ပါတယ်။ အဘိုးသေတော့ ကျွန်မတစ်နှစ်သမီးလောက်ရှိပါသေးတယ်" ဟု သူမ၏အဘိုး ရှေးပုလိပ်ကြီးအကြောင်းကို သူမှတ်မိသမျှ ပြောပြသည်။

ဂါတ်တဲကြီးမှာ အောက်ထပ်တွင် ၉ လက်မ အုတ်ရိုးကာထားပြီး အပေါ်ထပ်မှာ ရာဇဝတ်အချုပ်သားများ ထားသော အချုပ်ခန်းဖြစ်သည်။ အောက်ထပ်တွင် ဂါတ်စာရေးကြီးနှင့် ကင်းသမားများ တာဝန်ထမ်းဆောင်ကြသည်။ ယခုအခါ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သော ဂါတ်တဲကြီးသည် ယနေ့ခေတ်လူငယ်များအား ကိုလိုနီခေတ်အုပ်ချုပ်ရေးသမိုင်းပုံရိပ်ကို ဖော်ပြလျက်ရှိသည်။ **(မကွေး-လှမြင့်)**

သုံးခွမြို့နယ်တွင် ဆားချက်လုပ်ငန်း တစ်နိုင်တစ်ပိုင်ဆောင်ရွက်

သုံးခွ ဧပြီ ၈

နေ့/ည အချိန်ပြည့် ဆားမြေများကို ခြစ်ယူစုဆောင်းပြီး မိသားစုဝင်ငွေရရှိအောင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ကိုဇော်ဝင်းမောင်ထံ မတ် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပံနန်းခလဲကျေးရွာအုပ်စု နန်းခလဲကျေးရွာတောင်ကွင်းသို့ သွားရောက်ခဲ့ရာ ဆားမြေပေါ်များသောနေရာ ရှာဖွေတွေ့ရှိပြီး **(အောက်ပုံ)** ကျောက်တိုင်ကျေးရွာဘက်မှ လာရောက်လုပ်ကိုင်နေကြောင်း၊ ဆားမြေများကို နေ့စဉ်ခြစ်ယူရာတွင် တစ်နေ့လျှင် လှည်းလေးစီးတိုက် (ပိဿာတစ်ရာခန့်) ရရှိကြောင်း၊ ခြစ်ယူပြီးသော ဆားမြေများကို ဖျော်ကန်တွင်ရေနှင့် ရောမွှေသမကာ အနည်ထိုင်ပြီး အရည်ကြည်ကို ဆားချက်ရန် သံပြားလေးထောင့်ဗန်းကြီးဖြင့်ထည့်ပြီး အောက်မှ မီးအပူပေးရသည်။

ဆက်လက်ပြီး မီးအပူပေးရာတွင် ပဲအခွံများ(အရပ်အခေါ် ပဲမှော်)ဖြင့် မီးထိုးပေးရကြောင်း၊ မီးထိုးစာပဲအခွံဖြင့်မီးထိုးခြင်းမှာ ကုန်ကျမှုစရိတ်များစွာ သက်သာကြောင်း ပြောကြားပြီး ယခင်ကစပါးခွံများဖြင့် မီးထိုးခဲ့ရာ ကုန်ကျမှုများပြားခဲ့ကြောင်း သိရသည်။

ဆားမြေများကို ပိဿာတစ်ရာခန့် ဆားချက်လုပ်လျှင် ဆားပိဿာချိန် တစ်ရာ့ငါးဆယ်ခန့်ရရှိကြောင်း၊ ရရှိသောဆားများကို ဖောက်သည်သွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၅၀ သာ ရရှိပြီး ကိုယ်တိုင် ရပ်ကွက်၊ ကျေးရွာများသို့ လှည့်လည်ရောင်းချလျှင် ဆားတစ်ပိဿာ ငွေကျပ် ၂၀၀ ရရှိကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအနေဖြင့် ဆားချက်လုပ်ငန်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ဆောင်ရွက်လျှင် အရင်းအနှီးနည်း ဝင်ငွေတိုးသည့် ထိုဆားချက်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း အကြံပြုရေးသားအပ်ပါသည်။ **(ကြည်စိုးလွင်)**

ဘိုးဘွားရိပ်သာ (ပခုက္ကူ)တွင် မျိုးဆက်သစ် မောင်/မယ်များ အလှူဒါနပြု

ပခုက္ကူ ဧပြီ ၈

ပခုက္ကူမြို့တွင် ခရစ်နှစ် ၁၉၃၇ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်) တွင် ဒေါ်ဦးဇွန်း တည်ထောင်ခဲ့သော လူအိုရုံကို ယနေ့ခေတ် ယနေ့အခါတွင် ပခုက္ကူဘိုးဘွားရိပ်သာဟု အမည်တွင်စေပြီး ပခုက္ကူမြို့ အမှတ် (၃)ရပ်ကွက် (သံခိပ်)တွင် မြေအကျယ်အဝန်းလေးဧက အပေါ်၌ အဘိုးအဘွားများအား နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ အစရှိသဖြင့် နေ့စဉ် ကုသိုလ်ရှင်များက လှူဒါန်းကျွေးမွေးလျက်ရှိရာ ဧပြီ ၅ ရက် ညတွင် ပခုက္ကူခရိုင်စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်ဌေးက အသက် (၅၇)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာအဖြစ် အဘိုးအဘွားများအား ညနေစာ ကျွေးမွေးလှူဒါန်းမှုပြုခဲ့ရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်မှုကော်မတီဝင်များနှင့် ရိပ်သာအုပ်ချုပ်ရေးမှူးတို့က ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အောင်(မန်းတက္ကသိုလ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ခုနှစ် ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ် ဇွန်လ ၃ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူ ဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:)	(ဆ) ဓာတုအင်ဂျင်နီယာ
(ခ) စက်မှုအင်ဂျင်နီယာ	(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ	(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ	(ည) ရေနံအင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ	(ဋ) သတ္တုဗေဒအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ	(ဌ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို(၁)နှစ်နှင့် သုတေသနကျမ်းပြု(၂)နှစ်၊ စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့သုတေသနဆက်လုပ်ခွင့် ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါး(၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) (အင်ဂျင်နီယာ/ဗိသုကာ) မဟာဘွဲ့ M.E./M.Arch (သို့မဟုတ်)အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူ ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။

(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှ ဆရာဝန်၏ ထောက်ခံချက် လက်မှတ် တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့် အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းသက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ ရက်၊ (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉ နာရီမှ ၁၂ နာရီ
၇-၅-၂၀၁၃(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉ နာရီမှ ၁၂ နာရီ

၇။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ ရက်(တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများအား ၂၂-၅-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက် ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၅-၂၀၁၃ ရက်(သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များတိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၃၃၊ ၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

[illegible]

ဧနသင်းခံ

[illegible]

AMII မှ ချီးမြှင့်မည့်
" နိုင်ငံတကာအဆင့် စီမံခန့်ခွဲ အုပ်ချုပ်မှု ပညာရပ်ဆိုင်ရာ သင်တန်းများ "

Become Certified and Jobs Will Seek You.
Certified Professional Manager "CPM"
Certified Marketing Manager "CMM"
Certified Human Resources Manager "CHRM"
Class Duration
Day : SAT & SUN
Teaching Hour : (40-60) Hours
4 Hours per day
Starting Date : 27 April 2013
MCC Training Institute (Yangon Campus)
Junction Square, Building (8), Second Floor,
Pyay Road and Kyunttaw Street , Yangon, Myanmar
Tel : 01-245762, 249152, 246634, 395512, Tel : 2304156

9-4 (16).pmd 1 4/7/2013, 9:22 PM

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

သစ္စာလေးပါးတရားကို ခွဲခြားသိပိုင်မှုကား ဝိဇ္ဇာပညာရှိတို့သာလျှင် စွမ်းနိုင်၏။

ဩော် . . . မိမိကား ဝိဇ္ဇာမဟုတ်လေပါ။ ဝိဇ္ဇာမဟုတ်လေတော့ တရားတွေကိုသာ ရွတ်နိုင်သည်။ ပယ်နိုင်၊ ဆိုက်နိုင်၊ ပွားနိုင်အောင် မသိသေးပါ။

သိသမျှလေးက ခံသာစွာနေစွမ်းရုံ အကျိုးပေးသည်။ ခံနိုင်ရည် အပြည့်ကား မရှိသေး။

မိမိတတ်သော စိတ်ပညာဟူသည်ကလည်း ပဏ္ဍိတပစ္စည်းတစ်မျိုးမို့ တစ်စုံတစ်ရာသော အတိုင်းအတာအထိသာ ပူပန်မှုကိုငြိမ်းစေနိုင်သည်။ ပဋိစ္စသမုပ္ပန်စက်ရဟတ်ကြီးကိုတော့ အပြီးသတ် မဖြတ်နိုင်။ မဖြတ်နိုင်သေးတော့ လူပီပီဆွေးသလို လွမ်းသလို ရင်မှာညိုမှုန်၍ မှိုင်းရပြန်သည်။

သီတင်းကျွတ်ပြီးစ တစ်နေ့တွင် ဌာနရှိ မိမိ၏ အခန်းစားပွဲတွင် ဦးမြင့်နွယ်သည် စာတစ်စောင်ကို ဖတ်ရှုနေသည်။

ဆရာ

တစ်နှစ်တောင် ပြည့်တော့မယ်။

တော်တော်ကြာကျရင် နှင်းငွေ့တစ်ထောင့်မှာ မိုးကမှောင့်လေတော့မယ်။

မကြောက်တော့ပါဘူးဆိုလျက်က မွန်မွန့်ရင်မှာ စိုးရိမ်စိတ်တွေ ဝင်လာတယ်။

အရင်အဖြစ်မျိုးကိုတော့ မွန်မွန် ပြန်မသွားတော့ပါဘူးဆရာ။ အဲဒါကိုတော့ စိတ်ချနေပါ။

ဆရာပြောပြတဲ့ သာယာတဲ့ လောကကြီးဆိုတာမှ ဆရာ့အလိုကျ မွန်မွန် တစ်ယောက်တည်း ခရီးသွားနိုင်အောင် မွန်မွန် ကြိုးစားနေပါတယ်။

ဆရာဆုံးဖြတ်ခဲ့တာ မှန်ပါတယ်။ တကယ်တော့ မွန်မွန့်ခရီးကို မွန်မွန်ပဲ သွားရမှာပေ့ါ။ မွန်မွန်တစ်ယောက်တည်းပဲ သွားရမှာပေ့ါ။ မဟုတ်ဘူးလား။

ဖြစ်သမျှတွေကို မေ့တတ်သလောက် မေ့ပစ်ရမှာပေ့ါ။ လူသစ်စိတ်သစ်နဲ့ လောကကို ရင်ဆိုင်ရမှာပေ့ါ။

မရင်ဆိုင်ရင်လည်း မဖြစ်တော့ဘူး။ အခုဆိုရင်လေ မွန်မွန်တစ်ယောက်တည်းဆိုမှ တကယ့်ကို တစ်ယောက်တည်း။

အခု မမမြလည်း မွန်မွန်နဲ့ ခွဲသွားပြီ။ မွန်မွန်ပြောဖူးတာ ဆရာမှတ်မိတယ် မဟုတ်လား။ မမမြ ချစ်သူဆိုတာလေ။ အခု ကနေဒါက ပြန်လာပြီ။ သူတို့လက်ထပ်ပြီးသွားပြီ။

မမမြအတွက် မွန်မွန် ဝမ်းသာပါတယ်။ ချစ်နှစ်သက်သူနဲ့ ကွေကွင်းရခြင်းဟာ ဒုက္ခဆိုတော့ ချစ်နှစ်သက်သူနဲ့ ပေါင်းသင်းရခြင်းက သုခပေ့ါနော် ဆရာ။ ဒီတော့ မမမြအတွက် မွန်မွန် ဝမ်းသာရမယ်ပေ့ါ။

ဩော် . . . အပြီးသတ်ကျတော့ လူဆိုတာ ကိုယ့်ခရီးကို သွားကြရတာပါပဲ။ ကိုယ်ကလွဲလို့ ဒီလောကမှာ ဘာမှ အားကိုးရာ မရှိပါလား။

ဒီသင်ခန်းစာကို မွန်မွန် ကောင်းကောင်း နားလည်ပါပြီ။

ဆရာ့ကိုလည်း မွန်မွန် အများကြီးကျေးဇူးတင်ပါတယ်။

မွန်မွန့်စာမှာ အမှားရှိရင် ခွင့်လွှတ်ပါ ဆရာ။

ရိုသေချစ်ခင်စွာဖြင့်

မွန်မွန်

ဦးမြင့်နွယ်သည် စာအဆုံး၌ မျက်မှောင်ကြုတ်သွားမိသည်။ ကိုယ်က ရှေ့ကိုင်းသွားပြီး စာကိုတစ်ခေါက် ပြန်ဖတ်သည်။

"ဘယ်လိုလဲ ဆရာသမားရဲ့၊ စားမတတ်ဝါးမတတ် မျိုမတတ် မျက်လုံးကို ပါးစပ်လို ဖွဲ့ကြည့်ရအောင် ဘယ်ကစာမို့လဲ"

ဦးမြင့်နွယ်က မော့ကြည့်သည်။ လူပုပု၊ မျက်မှန်ကြီးကြီး၊ အသားဖြူဖြူနှင့် ပုဂ္ဂိုလ်တစ်ဦးက ရပ်နေ၏။

"ဟာ . . . လာ . . . အတော်ပဲ ဖိုးကျော်ဖေ"

"ဘာလဲ စာပြမလို့လား၊ မလုပ်နဲ့ ကိုယ်က ဒါမျိုး ငယ်ငယ်တုန်းကသာ ဝါသနာပါတာ"

စိတ်ပညာ ကထိကတစ်ဦးပင်ဖြစ်သော ဒေါက်တာကျော်ဖေသည် ဦးမြင့်နွယ် စားပွဲရှေ့တွင် ဝင်ထိုင်၏။

ဦးမြင့်နွယ်က စာကို ဒေါက်တာကျော်ဖေ့ကို လှမ်းပေးသည်။

"ဒီစာဖတ်ကြည့်စမ်းပါ"

"ဘယ်က စာလဲ"

"မွန်မွန့်ဆီက"

"အိုးဟိုး ဒါကြောင့်ကိုး၊ ဘာတဲ့ ဟိုဝတ္ထုဟာ အဲ . . . ရောဂါသည်မလေး မောင့်ချစ်သူ"

"မနောက်စမ်းပါနဲ့ သူငယ်ချင်းရာ၊ ဖတ်မယ့်ဟာ ဖတ်စမ်းပါ"

ဒေါက်တာကျော်ဖေသည် မျက်နှာကို တည်လိုက်ပြီး စာကို ဖတ်၏။

ပထမသော် ဒေါက်တာကျော်ဖေ၏ မျက်နှာသည် တည်တည်မှန်မှန်ပင် ဖြစ်၏။ သို့ရာတွင် တစ်ခဏ၌မူ မျက်မှောင်ကြုတ်လာ၏။

ဒေါက်တာကျော်ဖေသည် မျက်မှောင်ကြုတ်လျက်နှင့်ပင် စာကို ဦးမြင့်နွယ်အား ပြန်ပေး၏။

"ဘယ့်နှယ်လဲ သူငယ်ချင်း"

ဒေါက်တာကျော်ဖေက ခေါင်းယမ်းပြ၏။

"မကြိုက်ဘူး"

"ဘာမကြိုက်တာလဲ"

"ဒီလိုလုပ်၊ ကိုယ်မကြိုက်တာတွေ ပြောပြမယ်၊ မောင်ရင်နဲ့ကိုယ် ကိုက်၊ မကိုက် ညှိရအောင်"

"ဟုတ်ပြီ၊ ကိုယ်ကလည်း ဒါလိုချင်တာ"

ဒေါက်တာကျော်ဖေသည် ဆေးတံကို ထုတ်ယူပြီး ဆေးတစ်ဆုံဖြည့်လျက် ဦးစံရှားဟန် အပြည့်ဖြင့် ဖွာ၏။

"စာရွက် ပြန်ပေးပါဦး"

ဦးမြင့်နွယ်က စာရွက်ကို ဒေါက်တာကျော်ဖေ့ထံ ပြန်ပေးသည်။

"ပထမဆုံး ကိုယ်မကြိုက်တာက ဆရာပြောပြတဲ့ သာယာတဲ့ လောကကြီး ဆိုတာမှာ၊ အဲဒီအပိုဒ်၊ သာယာတဲ့ လောကကြီးလို့ မဆိုဘူး၊ 'ဆရာပြောပြတဲ့' အဲဒီဝိသေသနက ပါနေတယ်၊ ပြီးတော့ 'ဆိုတာ' တဲ့ ဟုတ်စ"

ဦးမြင့်နွယ်က ခေါင်းညိတ်ပြ၏။

"ဒုတိယ ကိုယ်မကြိုက်တာက မွန်မွန် တစ်ယောက်တည်း၊ အဲဒါ . . . အဲဒီစကားကို နေဦး ဝမ်း၊ တူး၊ သရီး၊ ဖိုးလေးခါ သုံးထားတယ် ဟုတ်စ"

ဦးမြင့်နွယ် ခေါင်းညိတ်၏။

"မကြိုက်ဆုံးကတော့ ဖြစ်သမျှတွေ မေ့တတ်သလောက် မေ့ပစ်ရမှာပေ့ါ၊ လူသစ်စိတ်သစ်နဲ့ လောကကို ရင်ဆိုင်ရမှာပေ့ါ၊ အဲဒီစကားတွေ 'လူသစ်စိတ်သစ်နဲ့' အဲဒါက ဘာပြောတာလဲ၊ နေဦး ကျန်သေးတယ်၊ အရင်အဖြစ်မျိုးကိုတော့ မွန်မွန် ပြန်မသွားတော့ပါဘူး၊ ဒါကလည်း ဘာပြောတာလဲ၊ ဘာကို နိမိတ်ပြ ညွှန်းနေသလဲ၊ အိုင်ဆေး ကိုမြင့်နွယ်၊ ကျုပ်မကြိုက်ဘူး"

ဦးမြင့်နွယ်က စာရွက်ကို ဒေါက်တာကျော်ဖေ့ဆီမှ ပြန်ယူလိုက်ကာ သက်ပြင်းရှိုက်ပြီး ဆို၏။

"ကိုယ်လည်း ဒါတွေကို မကြိုက်ဘူး သူငယ်ချင်း"

"မန္တလေး စိတ်ပညာဌာနက သူငယ်ချင်းဆီက ဘာအကြောင်းကြားသေးသလဲ"

"ကိုယ် ဒီကိုပြောင်းလာပြီးမှ မွန်မွန်ဟာ ဌာနကိုမလာတော့ဘူးတဲ့"

ဒေါက်တာကျော်ဖေသည် ဆေးတံခဲလျက် ခေါင်းခါပြီး မှတ်ချက်ချ၏။

"သူငယ်ချင်း မှားတယ်"

"ကိုယ့်နေရာကနေ စဉ်းစားကြည့်ဦးလေ၊ ဘာဆက်လုပ်မလဲ"

"အင်းလေ ထားပါတော့၊ ကဲ . . . အခု မောင်ရင် ဘာလုပ်မလဲ"

"ကိုယ် စဉ်းစားရဦးမယ်"

"စဉ်းစားမနေနဲ့၊ ကိုယ်သာဆို အမြန်ဆုံး မန္တလေးပြေးမယ်၊ မြန်နိုင်လေ ကောင်းလေပဲ"

"ဒီလောက်တော့လည်း မလွယ်ဘူးလေ"

"လက်ချာတွေ စိုးရိမ်လို့လား၊ ကိစ္စမရှိဘူး မောင်ရင့် ကလပ်စ်တွေ ကိုယ်ယူပေးမယ်"

"အဲဒါကြောင့် မဟုတ်ဘူး၊ သွားပြီးတော့ ဟိုကျ ကိုယ်ဘာလုပ်မလဲ"

"အဲဒါတော့ ကျော်ဖေက ဘယ်လိုလုပ်ဆုံးဖြတ်ပေးနိုင်မှာလဲ ငါ့ရှင်ရယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခါလောက် သွားတွေ့လိုက်တာတော့ မမှားဘူး၊ အချိန် သူငယ်ချင်း၊ အချိန် . . . အချိန်"

"အင်း . . . ဟုတ်တယ်၊ အချိန်"

"ကဲ . . . သူငယ်ချင်း စဉ်းစားပေ့ါ၊ ကိုယ်တော့ အားမနာနဲ့၊ ကိုယ် ကလပ်စ်ရှိသေးလို့ သွားဦးမယ်"

ဒေါက်တာကျော်ဖေ ထွက်သွားသောအခါ ဦးမြင့်နွယ် ငိုင်ကျန်ရစ်သည်။

စားပွဲပေါ်တွင် အခြားစာနှစ်စောင်က ရှိနေသေးသည်။

ဦးမြင့်နွယ်၏ မျက်လုံးများက စာအိတ်တစ်လုံးပေါ် ရောက်သွားသည်။

မှတ်ပုံတင်စာ ဖြစ်သည်။ မှတ်ပုံတင်စာများကို ဌာနက တာဝန်ယူ လက်မှတ်ထိုး ယူထားလေ့ရှိသည်။စာအိတ်ထောင့်မှ လိပ်စာက သူ့မျက်လုံးကို ကျယ်သွားစေသည်။

"နော်မြသွေး၊ တောင်ကြီးမြို့"

ဦးမြင့်နွယ်က စာအိတ်ကို လျင်မြန်စွာ ဖွင့်ဖောက်သည်။

ဆရာရှင့်

ကျွန်မ စာကို ဖတ်ရလို့ အံ့ဩသွားမလား မသိဘူး။

ဒီစာကို ရေးရ၊ မရေးရ ကျွန်မစဉ်းစားနေခဲ့ပါတယ်။ နောက်ဆုံး ကျွန်မခင်ပွန်း (အခု ကျွန်မ လက်ထပ်ပြီးပြီ)နဲ့ တိုင်ပင်ကြည့်တော့ သူက ရေးဖို့တိုက်တွန်းတာနဲ့ ကျွန်မ ရေးလိုက်ပါတယ်။ ကျွန်မခင်ပွန်းက အခု စဝ်စံထွန်းဆေးရုံ ဆရာဝန်တစ်ဦးပါ။

ကိစ္စကတော့ မွန်မွန့်အကြောင်းပါ။ မွန်မွန်ဟာ ကျွန်မကို ခင်မင်ပြီး ယုံကြည်စိတ်ချတာကို ဆရာ ရိပ်မိပါလိမ့်မယ်။

ဆရာ ရန်ကုန် ပြန်ပြောင်းသွားတော့ မွန်မွန် သိပ်စိတ်ထိခိုက်ခဲ့တယ်။ သာမန် ထိခိုက်တာ မဟုတ်ဘူး။

အစကတော့ ကျွန်မလည်း သာမန်ထိခိုက်တာလောက်ပဲ ထင်မိတယ်။

ကျွန်မနဲ့ ခွဲခွာနီးကျမှ မွန်မွန်ဟာ သူ့ရင်ကို ဖွင့်ပြခဲ့တယ်။

မွန်မွန်ဟာ ဆရာ့အပေါ် သံယောဇဉ် ဖြစ်နေပြီ။ ဒီစကားကို ဆရာ နားလည်လိမ့်မယ် ထင်ပါတယ်။

ဆရာဟာ ဘယ်လိုသိက္ခာထိန်းသိမ်းပြီး ဘာလုပ်သွားတယ်ဆိုတာ ကျွန်မ ကောင်းကောင်းနားလည်ပါတယ်။

မွန်မွန်ကတော့ တစ်မျိုးပေ့ါ ဆရာ။ မွန်မွန်ဟာ ဘယ်လို တွေးခေါ်တတ်တယ်ဆိုတာတော့ ဆရာသိပြီးပြီလို့ ကျွန်မ ယုံပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

> "မိမိတတ်သော စိတ်ပညာဟူသည်ကလည်း ပဏ္ဍိတပစ္စည်းတစ်မျိုးမို့ တစ်စုံတစ်ရာသော အတိုင်းအတာအထိသာ ပူပန်မှုကို ငြိမ်းစေနိုင်သည်။ ပဋိစ္စသမုပ္ပန် စက်ရဟတ်ကြီးကိုတော့ အပြီးသတ် မဖြတ်နိုင်။ မဖြတ်နိုင်သေးတော့ လူပီပီဆွေးသလို လွမ်းသလို ရင်မှာညိုမှုန်၍ မှိုင်းရပြန်သည်"

ဟိန္ဒူဘာသာဝင်များနှင့် အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၁၉)တွင် တည်ထားကိုးကွယ်လျက်ရှိသော စရီမဟာပိန္နဲတမီလ်ဟိန္ဒူဘုရားကျောင်းတော်သည် ၁၈၆၅ ခုနှစ်မှ စတင်တည်ထားကိုးကွယ်လျက်ရှိပြီး ဘုရားကျောင်းမှာ အလွန်ပင်ဟောင်းနွမ်းယိုယွင်းခဲ့ပါသဖြင့် ဓမ္မမိတ်ဆွေအပေါင်းတို့မှ ဘုရားကျောင်းအသစ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉-၆-၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါဘုရားကျောင်းအား အောင်မြင်စွာ ပြီးမြောက်ခဲ့သောကြောင့် ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း (၂) ရက် ၁၂-၄-၂၀၁၃ (သောကြာနေ့)မှစ၍ နေ့စဉ်မီးဟုမ်းပူဇော်ပွဲများပြုလုပ်၍ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ ၁၄-၄-၂၀၁၃ (တနင်္ဂနွေနေ့) သင်္ကြန်အကျနေ့ ၊ နံနက် ၉ နာရီမှ ၉း၄၅ နာရီအတွင်း မဟာကုမ္ဘာဘိသျေဂမ်(ခ)သိဒ္ဓိတင် ရေစင်သွန်းလောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ဖူးမြော်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဘုရားကျောင်းဂေါပကအဖွဲ့

သိဒ္ဓိတင်ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့

ကားရောင်းမည်(သို့)အပ်ကားနှင့်လဲမည်
Nissan Atlas ဒီဇယ်ကား
ဈကု/ငါးထောင်ကျော်
ညှိနှိုင်းဈေး သိန်း(၇၀)
Ph: 095135875, 0943127740, 0949268512

Golden Spider
09 731 30346 09 423720047

FAME Diarstat®
For bacillary dysentery and diarrhea
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Biogurt®
Probiotic supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန
နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင်(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)၊ ဒုတိယဦးစီးမှူး(စီမံ-၁)ရာထူး (၈)နေရာ လစ်လပ်နေပါ၍ ဖြည့်စွက်ခန့်ထားရန် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဥပဒေဘွဲ့(LL.M)သို့မဟုတ် ဥပဒေဘွဲ့(LL.B) ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၃၀-၄-၂၀၁၃ရက်တွင် အသက်(၂၇)နှစ်၊ အစိုးရဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက်မကျော်စေရ။
(ဃ) ခန့်အပ်ခြင်းခံရပါက အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၃)နှစ်ကတိစာချုပ်ချုပ်ဆို၍ တာဝန်ထမ်းဆောင်ရမည်။
(င) တာဝန်ကျရာ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားသူသည် ဌာနမှကျင်းပပြုလုပ်မည့် ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်း ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်သို့ ၃၀-၄-၂၀၁၃ရက်နောက်ဆုံးထား၍အရောက်ပေးပို့ရမည်-

(က) ပညာအရည်အချင်း ဘွဲ့လက်မှတ်မိတ္တူ။
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။
(ဂ) သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လတွင်းရရှိသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ(အစိုးရဝန်ထမ်းဖြစ်ပါက မလိုအပ်ပါ)
(စ) ဝင်ကြေးငွေကျပ် ၅၀၀၀/-ပေးသွင်းသည့် ချလန်မူရင်း။

၄။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှတစ်ဆင့် ၃၀-၄-၂၀၁၃ရက်နောက်ဆုံးထား၍ ရုံးအမှတ်(၅၀)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ပေးပို့ရမည်။(ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေ ကျပ် ၅၀၀၀/-ကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော် ငွေထုတ်စာရင်း အမှတ် MD.011564သို့ လျှောက်ထားသူသည် မိမိနှင့် နီးစပ်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် ပေးသွင်းရမည်။

၆။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၁၈-၅-၂၀၁၃ရက်(စနေနေ့)နှင့် ၁၉-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၁၃-၅-၂၀၁၃ ရက်မှစ၍ ၁၇-၅-၂၀၁၃ ရက်အထိ နောက်ဆုံးထားပြီး ရုံးချိန်အတွင်း အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်သို့ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ဖြေဆိုရမည့်အချိန်နှင့်နေရာများကို သိရှိနိုင်ရန် ဖော်ပြထားမည်ဖြစ်ပါသည်။

၇။ သတ်မှတ်ချိန်အတွင်း ရောက်ရှိလာခြင်းမရှိသည့် လျှောက်လွှာများနှင့် မမှန်မကန်ဖြည့်စွက်ထားကြောင်းစိစစ်တွေ့ရှိရသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အကြောင်းအရာများကို သိရှိလိုပါက ရုံးအမှတ်(၅၁) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော် တယ်လီဖုန်းနံပါတ် ၀၆၇-၄၃၀၁၄၅၊ ၀၆၇-၄၃၀၁၄၆တွင် စုံစမ်းနိုင်ပါသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ website www.mol.gov.mm တွင် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာပုံစံနှင့် ကိုယ်ရေးရာဇဝင်အကျဉ်းပုံစံတို့အားလည်းကောင်း၊ စာမေးပွဲရေးဖြေအချိန်ဇယား၊ နေရာ၊ ခုံအမှတ်တို့အားလည်းကောင်း၊ ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းအားလည်းကောင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မဟာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃ -၂၀၁၄ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပါသည်-

အင်ဂျင်နီယာ/ဗိသုကာ မဟာဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ
(Structural Engg:/Water Resources Engg:/Geotechnical Engg:/ Transportation Engg:/ Construction Management)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) ရေနံအင်ဂျင်နီယာ
(ဋ) သတ္တုဗေဒအင်ဂျင်နီယာ
(ဌ) ဗိသုကာ

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြု သင်တန်း(၁)နှစ်၊ စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work)ဖြေဆိုအောင်မြင်ပြီးသူများအနက် သက်မှတ်အရည် အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသန ကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါး(၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။
(ခ) နည်းပညာတက္ကသိုလ်များမှ သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြရမည်။
(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှ ဆရာဝန်၏ ထောက်ခံချက်လက်မှတ် တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းသက်ဆိုင် ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများ သို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာများကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်သို့ ကိုယ်တိုင်ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ် ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉ နာရီမှ ၁၂ နာရီ
၇-၅-၂၀၁၃(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉ နာရီမှ ၁၂ နာရီ

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ ရက်(တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများအား ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၅-၂၀၁၃ ရက်(သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များတိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၁။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သကြ္ကန် ဗီနိုင်းများ အမြန် အထူးဝန်ဆောင်မှု WATER FESTIVAL VINYL SPECIAL စတင်ဆောင်ရွက်ပေးနေပါပြီ
မဟာသင်္ကြန်အတွက် မဏ္ဍပ်နောက်ခံ Backdrop၊ နဖူးစည်းများ၊ မဏ္ဍပ်စင်ဒူးပိတ်နှင့် အခြားကြော်ငြာများအတွက် စတင်အမြန်ဆောင်ရွက်နေပါပြီ။ လိုအပ်ပါက တပ်ဆင်ပေးပါမည်(ရန်ကုန်မြို့အတွင်းသာ)။ နယ်မှမှာယူလိုသူများကိုနေ့ချင်းပြီး ကားဂိတ်သို့ပို့ဆောင်ပေးပါသည်။ လိုအပ်ပါကဒီဇိုင်းများကို အမြန်ရေးဆွဲပေးပါမည်။
အလျှင်မီအောင်ဆောင်ရွက်ပေးနိုင်ရန် (13.4.2013) အကြိုနေ့နံနက်အထိ ဗီနိုင်းများထုတ်ယူနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ မှတ်ချက် - အမြန်ကြေးလုံးဝမယူပါ
IDEA DIGITAL INKJET PRINTING
HOT LINE 09 8586 213
၂၂၈/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၈၂၂၂၄၊ ၂၀၁ ၂၀၇၊ ၂၉၇ ၇၉၃၊ ၉၀ ၁၀၀၅၀၊ ၀၉ ၈၅ ၈၆ ၂၁၃

မလိုအပ်သော သွေးထဲမှ အဆီများ၊ အသားထဲမှအဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည့်
မြတ်သုခ အဆီကျဆေး
☎-01-510617, 510367

ကားစီးလုံးငှားသည်။
ဘုရားဖူးခရီးသွား...အလှူမင်္ဂလာဆောင်ကိစ္စ...အချိန်ပိုင်းငှားလိုလို့..
CRANE 095002018 518474,095094914

ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊ သွေးသားမမှန်ခြင်း ဝေဒနာများအတွက်
မြဲမယ်အကိုက်အခဲပျောက် မြစေကာရီ အသားလှနုပျိုဆေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက်မှ စတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
၁။	မြို့ပြအင်ဂျင်နီယာ	၁။ Diploma in Structural Engineering	B.E(Civil)
		၂။ Diploma in Water Resources Engineering	B.E (Civil)
		၃။ Diploma in Environmental Engineering	B.E(Civil/Chemical)
		၄။ Diploma in Environmental Planning and Management	All B.E/B. Arch. /M.B.B.S/B.D.S./ M.Sc(Chemistry)/ M.Sc(IC)/ M.Sc(Zoology)/M.Sc(Marine Biology)/ B.Sc(Forestry/B.Ag)
		၅။ Diploma in Geotechnical Engineering	B.E(Civil)
		၆။ Diploma in Transportation Engineering	B.E(Civil)
		၇။ Diploma in Construction Management	B.E (Civil)
		၈။ Diploma in Surveying, Remote Sensing and GIS	B.E(Civil/Mining)/B.Arch/B.E(MAEU)/B.E (MME)/M.Sc(Geology)/B.Arch. M.A (Geography)/ B.Sc(Forestry)
		၉။ Diploma in Urban Planning and Infrastructure Design	B.E(Civil)/B.Arch/M.A(Geography)
၂။	စက်မှုအင်ဂျင်နီယာ	၁။ Diploma in Renewable Energy Engineering	All B.E
		၂။ Diploma in Industrial Engineering Technology	All B.E
၃။	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ	၁။ Diploma in Renewable Energy System	B.E (EP,EC),M.Res(Phys), M.S (Engg:Phys),M.Sc(Phys)
		၂။ Diploma in Power System Control Engineering	B.E (EP,EC),M.Res.(Phys). M.S(Engg:Phys),M.Sc(Phys)
၄။	မက္ကာထရောနစ် အင်ဂျင်နီယာ	Diploma in Biomedical Engineering Technology	B.E(IT,EC,Mech.,McE.,EP) M.S(Engg:Physics),M.Sc(Phy, Specialization in Electronics)
၅။	ဓာတုအင်ဂျင်နီယာ	၁။ Diploma in Food Technology	B.E(Chemical)/M.B.B.S/ B.V.S/B(Pharm)/ B.Med. Tech/B.Sc(IC)ဘွဲ့ရရှိသူများ၊ အစိုးရဌာနမှ အစာအာဟာရဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ရှိပြီးသော B.Sc (Chemistry)/ B.Sc(Zoology)/B.Sc(Botany)/B.Ag ဘွဲ့ရရှိသူများ
		၂။ Diploma in Biomass Energy	B.E (Chemical)
၆။	ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ	၁။ Diploma in Textile Engineering	B.E(Textile)
၇။	သတ္တုတူးဖော်ရေး အင်ဂျင်နီယာ	၁။ Diploma in Mine Project Management	B.E (Mining)
		၂။ Diploma in Environmental Impact Assessment and Environmental Management System	All B.E/B.Arch/M.B.,B.S/All M.Sc/B.Sc (Forestry) B.Ag
		၃။ Diploma in Geotechnical Engineering for Tunnel Construction	B.E(Mining,Civil)/M.Sc(Geology)
၈။	ရေနံအင်ဂျင်နီယာ	၁။ Diploma in Petroleum Engineering	B.E(Petroleum)
၉။	သတ္တုဗေဒအင်ဂျင်နီယာ	၁။ Diploma in Extractive Metallurgy	B.E (Met,Min) B.Sc (Geol.)
		၂။ Diploma in Adaptive Metallurgy	B.E(Met.,Mech.)
		၃။ Diploma in Experimental Archaeometallurgy	B.E (Met)/B.Sc (Che)/ B.A (Archaeology)
၁၀။	ဗိသုကာ	၁။ Diploma in Settlement Planning and Design	B.Arch/B.E.(Civil)
၁၁။	အင်ဂျင်နီယာ ဘူမိဗေဒ	၁။ Diploma in Engineering Geology	B.Sc(Geology) (Hons)/ B.Tech(Civil/Min/Pet)

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါး(၃ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ မိတ္တူတင်ပြနိုင်ရမည်)။

(ခ) ဘွဲ့လိုအပ်ချက်မှာအထက်ပါဇယားတွင်ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ အကယ်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ အင်ဂျင်နီယာဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်တိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက် (မူရင်း) တင်ပြရမည်။

(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက်(အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်၊ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃ရက်(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀နာရီ
၇-၅-၂၀၁၃ရက်(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀နာရီ

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ရက်(တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၂-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၅-၂၀၁၃ရက်(သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၇။ ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ်-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
အင်ဂျင်နီယာပါရဂူဘွဲ့နှင့်ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ် ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက်တွင်စတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်ရန် ရှိပါသည်။

(က) PhD.(Civil)
(ခ) PhD.(Mechanical)
(ဂ) PhD.(Electrical Power)
(ဃ) PhD.(Electronic)
(င) PhD.(Information Technology)
(စ) PhD.(Mechatronic)
(ဆ) PhD.(Chemical)
(ဇ) PhD.(Nuclear)
(ဈ) PhD.(Architecture)
(ည) PhD.(Bio-Technology)

၂။ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများ၌ တက်ရောက်ပညာသင်ကြားလိုသူများအတွက် ဝင်ခွင့်စာမေးပွဲ ကျင်းပမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ၂၀၁၃ခုနှစ် ဧပြီလ ၈ရက်(တနင်္လာနေ့)မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါးသုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ မုံရွာ၊ ကလေး၊ ပခုက္ကူ၊ မကွေး)များနှင့် အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ စစ်ကိုင်း၊ မြင်းခြံ)များမှ သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့(ဇီဝနည်းပညာ)ရရှိပြီး အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) အောက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ၊ စစ်တွေ၊ ပုသိမ်၊ မအူပင်)များမှ မဟာသိပ္ပံဘွဲ့(ဇီဝနည်းပညာ) ရရှိပြီး ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

